မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၂ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ လိုအပ်သည်များ ဖြည့်ဆည်းပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လပွတ္တာမြို့ ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနနှင့် အမျိုးသားလူနာဆောင်တို့၌ လေဘေးဒဏ်ကြောင့် ဆေးဝါးကုသမှု ခံယူနေကြသည့် လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၁

ရန်ကုန်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ သွားရောက်၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ စစ်ရေးချုပ်ဗိုလ်ချုပ်သူရမြင့်အောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် တပ်မတော်အထူးလေယာဉ်ဖြင့် မေ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ထွက်ခွာလာရာ မွန်းလွဲ ၁၂ နာရီ ၃၅ မိနစ်တွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

ကျောဖုံးသို့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ လပွတ္တာမြို့ ရတနာဒီပကယ်ဆယ်ရေးစခန်းအတွင်း အမိုးအကာ လုံခြုံစွာ စနစ်တကျနေရာချထား စောင့်ရှောက်ပေးထားသည့် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

22-5 (01).pmd 1 5/22/2008, 2:16 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် မေ ၂၂ ရက်)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးရေး နိုင်ငံတော်နှင့်အတူ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်

မြန်မာနိုင်ငံအတွင်း ဒေသအချို့၌ မေလ ၂ရက်နေ့နှင့် ၃ရက်နေ့က ဆိုင်ကလုန်းမုန်တိုင်းကြီး တိုက်ခတ်ခဲ့ရာ ဧရာဝတီတိုင်းနှင့်ရန်ကုန်တိုင်းတို့တွင် ပြည်သူများ၏ အသက်အိုးအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ရေယာဉ်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများနှင့် ရိက္ခာပစ္စည်းများပြားစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။

မုန်တိုင်းဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများအတွက် မေလ ၂၀ရက်နေ့မှ ၂၂ရက်နေ့အထိ ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ်သတ်မှတ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်း တိုင်ဝက်လွှင့်ထူရန် နိုင်ငံတော်အစိုးရက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဦးဆောင်လျက် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းမှု၊ နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပကူညီထောက်ပံ့မှုများဖြင့် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဆင့်လိုက်ဖော်ဆောင်ပေးခဲ့သည်။ အဆိုပါဒေသများရှိ မြို့နယ်အသီးသီး၌ ကျန်းမာရေး၊ ဆက်သွယ်ရေးအပါအဝင် ကူညီစောင့်ရှောက်မှုလုပ်ငန်းများလည်း လုံလောက်စွာရရှိနေပြီဖြစ်၍ လေဘေးသင့်ပြည်သူများအတွက် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

လေဘေး၊ ရေဘေးကြောင့် နီးစပ်ရာ မြို့အသီးသီးရှိ ကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိနေသူများအနေဖြင့် မိမိတို့၏ မြို့ရွာဒေသသို့ ဆန္ဒအရပြန်လိုသူများအား နေထိုင်ရေး၊ စားသောက်ရေးနှင့် အိုးခွက်အသုံးအဆောင်များပါ ပြည့်စုံမှုရှိစေရေးတို့အတွက် စနစ်တကျစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်နှင့် ပြည်တွင်းပြည်ပစေတနာရှင်များက ထောက်ပံ့သည့် မိုးကာတဲ၊ တာပေါ်လင်၊ ရွက်ဖျင်တဲများကို အသုံးပြု၍ လေဘေးသင့်ပြည်သူများ မိမိတို့၏မူလဒေသကျေးရွာများ၌ ယာယီနေအိမ်များ ပြန်လည်ဆောက်လုပ်ပေးလျက်ရှိသည်။

မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများ၏စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်လုပ်ကိုင်စားသောက်နိုင်ရေးအတွက် စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်စခန်းများဖွဲ့၍ ထွန်ယက်စိုက်ပျိုးရေးလုပ်ငန်းများ၌ ကူညီသွားမည်ဖြစ်သည်။ ထို့ပြင် ရေလုပ်ငန်းနှင့် ဆားလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက်လည်း လိုအပ်သည့်လုပ်ငန်းခွင်သုံး ပစ္စည်းများရရှိရေး ဖြည့်ဆည်းပေးသွားမည်ဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် ယာယီဆေးခန်းများဖွင့်လှစ်ပြီး အထူးကုဆရာဝန်ကြီးများကိုယ်တိုင် အနီးကပ်စောင့်ရှောက်ကုသပေးလျက်ရှိသည်။

သို့ဖြစ်ရာ လေဘေးသင့်ဒေသများ၌ ပြည်သူများနောက်ဆက်တွဲရောဂါများမဖြစ်ပွားစေရန် ကျန်းမာရေးစောင့်ရှောက်ရေးနှင့် စားသောက်နေထိုင်ရေးအတွက် ထောက်ပံ့ကူညီမှုများ လျင်မြန်စွာ ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ အဆောက်အအုံများ ပြန်လည်ထူထောင်ရာတွင်လည်း နိုင်ငံတော်နှင့်အတူ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်စေတနာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာ ပြီးစီးနိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၃၃)ကြိမ်မြောက် ဩဝါဒါစရိယပူဇော်ပွဲ

ရန်ကုန် မေ ၂၁

ရွှေတိဂုံစေတီတော်(စနေထောင့်) ရွှေတောင်ငွေတောင် တန်ဆောင်းနိကာယ်ငါးရပ်ဝင် ဓမ္မသာကစ္ဆာအဖွဲ့ချုပ်၏ (၃၃)ကြိမ်မြောက် ဩဝါဒါစရိယဆရာတော်ကြီးများ ပူဇော်ပွဲနှင့်ဩဝါဒခံယူပွဲကို မေ ၁၈ရက် နံနက် ၉နာရီခွဲက ရန်ကင်းမြို့နယ် ဘောက်ထော်(၁၅)ရပ်ကွက် မာလာမြိုင်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ အဖွဲ့ချုပ်ဩဝါဒါစရိယ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသ မထေရ်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး အဖွဲ့ချုပ်ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော အောင်မြေဘုံစံဆရာတော်၊ ပဋ္ဌာနကာယဆရာတော်၊ မဟာဗောဓိဆရာတော်၊ ဆုထူးပန်ရွှေကျင်ကျောင်းတိုက်ဆရာတော်၊ တိပိဋက ယောဆရာတော်၊ တိပိဋက ရေစကြိုဆရာတော်၊ တိပိဋက စွန်းလွန်းဆရာတော်တို့က ဩဝါဒကထာများ အသီးသီးချီးမြှင့်တော်မူကြသည်။ ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွဲ့ချုပ်၏ သာသနာပြုဆောင်ရွက်ချက်များ လျှောက်ထားပြီး သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများဆက်ကပ်၍ လှူဒါန်းမှုအစုစုအတွက် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ မထေရ်ထံမှ ရေစက်ချတရား နာယူကြကြောင်း သိရသည်။ (က-ပ)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးပို့

ရန်ကုန် မေ ၂၁

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်များဖြင့်လည်းကောင်း၊ ရေယာဉ်များဖြင့်လည်းကောင်း၊ မော်တော်ယာဉ်များဖြင့်လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက ဘိုကလေးမြို့၊ လပွတ္တာမြို့၊ ဖျာပုံ၊ ကျိုက်လတ်၊ ငပုတောမြို့နယ်နှင့် ဟိုင်းကြီးကျွန်းမြို့တို့သို့ မော်တော်ယာဉ်များဖြင့် သွပ်များ၊ ထောက်ပံ့ရေးပစ္စည်းများကို တင်ဆောင်၍ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ကုန်သွယ်ရေးဂိုဒေါင်မှ ထွက်ခွာသွားကြသည်။

ပေးပို့လှူဒါန်းနိုင်

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လှူဒါန်းလိုကြသော စေတနာရှင်၊ အလှူရှင်များသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနီးရှိ ကုန်သွယ်ရေးဂိုဒေါင်သို့ပေးပို့လှူဒါန်းနိုင်ကြပြီး ဖုန်း-၀၉-၈၆-၀၀၅၂၆နှင့်၀၉-၈၆-၀၀၇၀၁ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ၉ ရပ်ကွက် အညာစုလမ်းနေ နှစ်ဖက်သောမိဘများအား ရည်စူးပြီး ဦးတင်မြင့်-ဒေါ်ကြည်အေး၊ သမီး မမြင့်မြင့်ခိုင်၊ မမြင့်စန္ဒာ၊ မြေး မရှင်ဖုန်းအေး (ရွှေခြသေ့မိသားစု)က ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၂-၅-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၉)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ**(အပိုင်း -၂၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၁၀)

သန်လျင်မြို့ ပဲခူးစုရပ်ကွက် သာစုလမ်း အမှတ် ၁၉ နေ ဦးမျိုးမောင်-ဒေါ်အေးအေးမာ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်းတိပိဋက ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးနှင့် စာအောင်ဆုနှင်းပဒေသာပင်အတွက် အလှူငွေကျပ်နှစ်သိန်းကို အနုနာယကဆရာတော်ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သာသနာ့အာဇာနည်များ ချီးကျူးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၁

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို (၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော်၁၂ရက်) မေ၃၁ရက် (စနေနေ့) နံနက်၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ၃၀ရက် ညနေ၃နာရီအရောက် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနမှ ပင့်လျှောက်စာများ ပေးပို့ဆက်ကပ်ထားပြီးဖြစ်သည်။ ပင့်စာများမရောက်ရှိပါကလည်း အချိန်မီကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရတိပိဋကကောဝိဒဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပင့်သံဃာများနှင့်ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော မူလအာဘိဓမ္မိကနှစ်ပါး၊ ဒီဃနိကာယကောဝိဒသုံးပါး၊ ဒီဃဘာဏကနှစ်ပါး၊ ဝိနယကောဝိဒလေးပါး၊ ဝိနယဓရ ၂၅ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ခုနစ်ပါး၊ ဥဘတောဝိဘင်္ဂဓရ ၄၄ပါး စုစုပေါင်း စာအောင်သံဃာ၈၇ပါး အပါအဝင် ပင့်သံဃာ၂၄၈ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည် ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးမြတ်သူ စာမေးပွဲဌာနခွဲ ဖုန်း-၆၆၀၂၆၉၊ ၆၆၄၅၇၈နှင့် ၆၆၃၃၂၅ထံ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

သုံးခွမြို့နယ်အတွင်း လေဘေးသင့်ကျေးရွာများသို့ သက်န်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၁

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်သို့ရောက်ရှိပြီး အောင်မြေလောကသွန်းဘုရားကြီး၌ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းသည်။

ပေးအပ်

ဆက်လက်၍ ဝန်ကြီးသည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ပေးပို့လှူဒါန်းသော ရုပ်အင်္ကျီ အထည် ၅၀၀နှင့် စေတနာရှင် စုပေါင်းအလှူရှင်များအဖွဲ့မှ ဆန်အိတ် ၅၀၀ နှင့် ဆီတစ်ပုလင်း၊ ရေသန့်တစ်ကတ်၊ ကုလားပဲနှစ်ပိဿာ၊ ဆား ၂၅ ကျပ်သား၊ ဘီစကွတ်သုံးထုပ်၊ ဒန်အိုးတစ်လုံး၊ ပီနန်ကြိုးတစ်ထုပ်၊ ခြင်ဆေးခွေတစ်ဘူး၊ ကြာဆံ ၁၀ ထုပ်၊ မီးခြစ်တစ်လုံး၊ မိုးကာ တစ်ထည်တို့ပါရှိသော ခြင်းအလုံး ၃၀၀ တို့ကို လေဘေးသင့်ပြည်သူများအတွက် ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းကလက်ခံပြီး ရပ်ကွက်ပေါင်း ၇၄ ရပ်ကွက်သို့ ခွဲဝေထောက်ပံ့ပေးအပ်သည်။

ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် သုံးခွမြို့ ပြည်သူ့ဆေးရုံ ပြုပြင်တည်ဆောက်ထားရှိမှုနှင့် လူနာများအား ဆေးဝါးကုသမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး သုံးခွမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှူဒါန်း

ဆက်လက်၍ ဝန်ကြီးသည် သုံးခွမြို့ ဝိသုတာရာမချမ်းမြေ့သာယာအေးကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ သင်္ကန်းဒွိစုံ ၃၃၀၊ သီလရှင် ဝတ်စုံ ၃၆ စုံနှင့် လှူဖွယ်ခြင်း ကိုးခြင်းတို့ကို ပေးအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ထို့နောက် ဝန်ကြီးသည် ဝန်ကြီးရုံးဧည့်ခန်းမ၌ ဓမ္မကာယဖောင်ဒေးရှင်းမှ သံဃာတော်များနှင့် အလှူရှင်များက စားသောက်ဖွယ် ပစ္စည်းစုံအိတ်များနှင့် ငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး စည်းဝေးခန်းမ၌ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့၌ ရောက်ရှိနေသော အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒိသာပါမောက္ခအဆောက်အအုံ၌ ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လာရောက်လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ကြောင့် သေဆုံးသူများအတွက် သံတမန်များ ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ခုနှစ် မေ ၂ ရက်မှ ၄ ရက်အထိ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ဖြစ်ပွားခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများနှင့် ဆေးရုံများ၊ ရေယာဉ်များ၊ တိရစ္ဆာန်များ၊ သီးနှံစိုက်ခင်းများ၊ သစ်တောများ၊ ရိက္ခာပစ္စည်းများပျက်စီးဆုံးရှုံးခြင်းစသည်တို့ ကြီးမားစွာဖြစ်ပေါ်ခဲ့ရပြီး ပြည်သူများ သေဆုံးခဲ့ကြရခြင်းအတွက် ၂၀၀၈ ခုနှစ် မေ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာကာလကို ဝမ်းနည်းကြောင်း အထိမ်းအမှတ်နေ့များအဖြစ် သတ်မှတ်ခဲ့သည်။

လက်မှတ်ရေးထိုး

ယနေ့တွင် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် ညနေ ၂ နာရီမှ ၄ နာရီအတွင်း ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများသည် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒိသာပါမောက္ခအဆောက်အအုံ၌ ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့အတူ ရန်ကုန်မြို့၌ ရောက်ရှိနေသော အာဆီယံအတွင်းရေးမှူးချုပ် Dr. Surin Pitsuwan လည်း လာရောက်၍ ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ရှင်ဒိသာပါမောက္ခအဆောက်အအုံ၌ ဖွင့်လှစ်ထားသော ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့ရောက်ရှိ

ရန်ကုန် မေ ၂၁

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် C-130 လေယာဉ်ဖြင့် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

အဆိုပါအဖွဲ့တွင် Dr. Md.Anwarul Kabir ဦးဆောင်သော အဖွဲ့ဝင် ၃၃ဦးပါရှိကာ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း၊ ယင်းအဖွဲ့နှင့်အတူ ဆေးပစ္စည်းမျိုးစုံ ၇ ဒသမ ၀၄ တန်ပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း လေဘေးသင့် ပြည်သူများအား ကျန်းမာရေးဆေးခန်းဖွင့်လှစ်၍ ကူညီဆောင်ရွက်

ရန်ကုန် မေ ၂၁

မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟိုအသင်းရုံး)နှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်အသင်းခွဲများက မတည်အလှူရှင် မြဘုရင်နို့ဆီအရောင်းဌာန(ရန်ကုန်ရုံးခွဲ)၊ ပုဂ္ဂလိကအလှူရှင်များနှင့် ယူနီဆက်တို့၏ အကူအညီကိုရယူလျက် လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် မေ ၁၂ ရက်မှစ၍ နှစ်လတာ လုပ်ငန်းစီမံချက်ရေးဆွဲပြီး မြောင်းမြမြို့ ဂုန်လျှော်ဘေထုပ်စက်ရုံစခန်းနှင့် အထက(၃)စခန်းတို့၌ လည်းကောင်း၊ ကွမ်းခြံကုန်းမြို့နယ် ခလောက်ချိုက်ရွာနှင့် သုံးခွရွာစခန်းတို့၌လည်းကောင်း၊ ရန်ကုန်မြို့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းနှင့် အင်းစိန်မြို့နယ် အောင်ဆန်းကျန်းမာရေးမှူးအသင်း ဗဟိုရုံးစခန်းတို့၌လည်းကောင်း အခြေစိုက်ကျန်းမာရေးဆေးပေးခန်းခြောက်ခုကို ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး အခြားမြို့နယ်နှင့်စခန်းများ၌လည်း အခြေစိုက်ကျန်းမာရေးဆေးခန်းများ ဖွင့်လှစ်၍ ကူညီစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဉာဏနန္ဒ မဇ္ဈိမ ဒေသမှ မဟာဗောဓိစေတီ ဂေါပကအဖွဲ့၏ခွင့်ပြုချက်အရ ကမ္ဘာ့အေးကုန်းမြေ (မဟာဥယျာဉ်တော်အတွင်း) စိုက်ပျိုးပူဇော်ထားသော (ကိုင်းပွား) မဟာဗောဓိပင်တော်ကို နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရအမှူးပြုသော မဟာထေရ်၁၅ပါးနှင့် သီဟသုဓမ္မ မဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင်တင်ဦးညိုဦးဆောင်သော ဒါနဗုဒ္ဓဂယာသူတော်စင်များကဒေဝါဝင်းခင်း၍ ကဆုန်လပြည့်နေ့နံနက်က ပူဇော်ကြစဉ်။

(က-ပ)

မေ ၁၉ ရက်က လမ်းမတော်မြို့နယ်ရှိ ဗုဒ္ဓဝါဒ္ဓကစေတီတော်၏ တတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ ညောင်ရေသွန်းပူဇော်ကြစဉ်။

(ခရိုင် ပြန်/ဆက်)

အာဆီယံအတွင်းရေးမှူးချုပ်အား ဝန်ကြီးဦးစိုးသာ ညစာတည်ခင်း

ရန်ကုန် မေ ၂၁

အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် ရန်ကုန်မြို့တွင်ရောက်ရှိနေသော အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surin Pitsuwan နှင့်အဖွဲ့ဝင်များအား ယမန်နေ့ ည ၇နာရီခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatrium ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

သံအမတ်ကြီး ဦးခင်ဇော်ဝင်း ဆော်ဒီအာရေဗျနိုင်ငံ ဘုရင်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၂

ဆော်ဒီအာရေဗျနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးခင်ဇော်ဝင်းသည် ၄င်း၏ ခန့်အပ်လွှာကို ၂၀၀၈ခုနှစ် မေ ၁၁ ရက်တွင် ရီရတ်ဒ်မြို့၌ ဆော်ဒီအာရေဗျနိုင်ငံ၏ ဘုရင် အဗ္ဗဒူလာ ဘင်အဗ္ဗဒူလ် အာဇစ်အယ်လ်ဆာအုဒ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား တိုတယ်ကုမ္ပဏီမှ ဧည့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မေ ၂၁

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဧည့်ခန်းမ၌ နိုင်ငံတော်နှင့် စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များအကျိုးတူ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော Total E & P Myanmar ကုမ္ပဏီ၏ အာရှနှင့်အရှေ့ဖျားဌာန ဒုတိယဥက္ကဋ္ဌ Mr.Charles Mattenet နှင့် မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Ms.Martine Valeix တို့က လာရောက်တွေ့ဆုံကြသည်။

ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး Total E & P Myanmar ကုမ္ပဏီအနေဖြင့် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ပါဝင်ကူညီထောက်ပံ့လိုသည့် ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မေ ၂၁

နေပြည်တော်၌ ဖွင့်လှစ်လျက်ရှိသော EUROPA International Education Academy မှနိုင်ငံ့ဝန်ထမ်း အရာရှိ၊ အရာထမ်းများအတွက် ပို့ချခဲ့သောအင်္ဂလိပ်စာပေ ကျွမ်းကျင်မှုသင်တန်း English Language Proficienc Course. Level-1, Level -2 နှင့် ကလေးများအတွက် နွေရာသီအင်္ဂလိပ်စာ အထူးသင်တန်းများ Summer English Course သင်တန်းများ၏ သင်တန်းဆင်းပွဲ အခမ်းအနားကို နေပြည်တော်မြို့တော်ခန်းမ၌ ကျင်းပရာ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကျောင်းသားမိဘများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် EUROPA မှ မန်နေဂျင်း ဒါရိုက်တာ ဆရာ ဦးသန်းစိန်က သင်တန်းဆင်း အမှာစကား ပြောကြားပြီး ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ဆရာဦးသန်းစိန်နှင့် ဒါရိုက်တာ ဆရာမဒေါ်တင့်တင့်တို့က အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဧည့်ခံဖျော်ဖြေ

၄င်းနောက် သင်တန်းသားများအားလုံးကိုယ်စား Level -2 မှသင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ပြီး ကျောင်းသားကျောင်းသူလေးများ၏ အင်္ဂလိပ်စာပေကျွမ်းကျင်မှု စွမ်းရည်ပြပွဲနှင့် ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

၁။ ရာသီဥတုဒဏ်ခံနိုင်သည့် အမိုးအကာအောက်တွင် နေထိုင်ကြရန်၊

၂။ အအေးမမိစေရန် နွေးထွေးသောအဝတ်များကို ဝတ်ဆင်နေထိုင်ကြရန်၊

၃။ ရေကိုကျိုချက်သောက်ရန်(သို့မဟုတ်)ကလိုရင်းဆေးခတ်ထားသောရေကိုသာသောက်သုံးရန်၊

၄။ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊

၅။ သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့် အစာများကိုသာ စားသုံးကြရန်၊

၆။ အတတ်နိုင်ဆုံးသန့်ရှင်းသောယင်လုံအိမ်သာကို သုံးစွဲကြရန်၊

၇။ ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် မိလ္လာနှင့်အမှိုက်သရိုက်၊ အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်ကြရန်၊

၈။ ထိခိုက်မှုအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုဆောင်ရွက်ကြရန်၊

၉။ ရေကြီးပါက မြွေအန္တရာယ်တွေ့ကြုံရတတ်သဖြင့် သတိပြုကြရန်၊

၁၀။ ခြင်ကိုက်မခံရအောင် သတိပြုနေထိုင်ကြရန်၊

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ရန်၊ အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ဆေးကြရန်၊

၁၂။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးသည့်အခါ အဆုတ်ရောင်ရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ မြွေဆိုးကိုက်အန္တရာယ်၊ ထိခိုက်မှုအန္တရာယ်နှင့် အခြားကျန်းမာရေးပြဿနာများ ဖြစ်ပွားတတ်ပါသည်။ ဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သော သဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန -

ရုံးအဖွဲ့မှူး	ဖုန်း-၀၆၇ ၄၀၄၀၂၁၊
	ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး	ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့
	တိုင်ကြားနိုင်ပါသည်။

မေ ၂၁ရက်က မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း(ဗဟိုအတွင်းရုံး) အင်းစိန်မြို့နယ် အောင်ဆန်းတွင် လေဘေးသင့်လူနာများအား ဆေးခန်းဖွင့်လှစ်၍ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် နိုင်ငံတကာမှပစ္စည်းစာရင်းနှင့် ခွဲဝေပေးပို့ပြီးစာရင်းများ

ရန်ကုန် မေ ၂၁

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် မေ ၅ ရက်မှ မေ ၂၀ ရက်နေ့အထိ ရရှိသည့် နိုင်ငံတကာမှလှူဒါန်းသော ပစ္စည်းစာရင်း၊ ပြည်တွင်းမှလှူဒါန်းသော ပစ္စည်းစာရင်းနှင့် မုန်တိုင်းသင့်ဒေသများသို့ ခွဲဝေပေးပို့ပြီး ပစ္စည်းစာရင်းများကို အောက်ပါအတိုင်းဖော်ပြ အပ်ပါသည်-

မုန်တိုင်းသင့်ပြည်သူများအတွက် နိုင်ငံတကာမှလှူဒါန်းသောပစ္စည်းစာရင်း (၅-၅-၂၀၀၈ မှ ၂၀-၅-၂၀၀၈ အထိ)

စဉ်	အမျိုးအမည်	ပေါင်း (တန်ဖြင့်)
၁	စားသောက်ကုန်	၂၇၆ •၄၂၈
၂	လူသုံးကုန်	၄၁၃ •၅၉
၃	ဆောက်လုပ်ရေး	၅၁၉ •၀၆
	စုစုပေါင်း	၁၂၀၉ •၀၇၈

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်းမှလှူဒါန်းသောပစ္စည်းစာရင်း (၅-၅-၂၀၀၈ မှ ၂၀-၅-၂၀၀၈ အထိ)

စဉ်	အမျိုးအမည်	ပေါင်း (တန်ဖြင့်)
၁	စားသောက်ကုန်	၁၇၈၀ •၄၀၈
၂	လူသုံးကုန်	၁၆၅၆ •၉၈၆
၃	ဆောက်လုပ်ရေး	၁၉၈၅ •၅၈
	စုစုပေါင်း	၅၄၂၂ •၉၇၄

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် ခွဲဝေပေးပို့ပြီးပစ္စည်းစာရင်း (၅-၅-၂၀၀၈ မှ ၂၀-၅-၂၀၀၈ အထိ)

စဉ်	ဒေသ	စားသောက်ကုန်	လူသုံးကုန်	ဆောက်လုပ်ရေး	ပေါင်း (တန်ဖြင့်)
	ဧရာဝတီတိုင်း				
၁	ဖျာပုံ**	၁၈၄·၅	၂၁၀·၉	၂၂၀·၅၄	၆၁၅·၉၄
၂	မော်လမြိုင်ကျွန်း**	၁၅၇	၃၆၉	၂၇၈·၂၆	၈၀၄·၂၆
၃	ဘိုကလေး**	၃၅၃·၉၄၅	၄၃၈·၀၅၅	၅၉၈·၁၅	၁၃၉၀·၁၅
၄	လပွတ္တာ**	၄၉၅·၅	၂၆၉·၅	၆၄၁·၅၃	၁၄၀၆·၅၃
၅	ဒေးဒရဲ**	၁၁၁·၇၉	၁၃၇·၁၃	၁၄၁·၂၅	၃၉၀·၁၇
၆	ပုသိမ်	၇၃·၅	၇၃	၁၀၂·၀၅	၂၄၈·၅၅
၇	ကဒါး	၁·၃၅	၁	-	၂·၃၅
၈	ဧရာ	၁·၆၁	၁	-	၂·၆၁
၉	ကျိုက်လတ်	၃၄·၅	၃၀·၅	၅၉·၇၃	၁၂၄·၇၃
၁၀	မအူပင်*	၃·၇	၇	၅	၁၅·၇
၁၁	မြောင်းမြ	၆·၅	၁၁	၁၅	၃၂·၅
၁၂	ဝါးခယ်မ*	၁·၅	၂	၁	၄·၅
၁၃	သိပ္ပံကုန်းကြီး***	၃·၉	၂	၂	၇·၉
၁၄	ပြင်ခစိုင်***	၁·၇	၁	-	၂·၇
၁၅	စက်ဆန်း***	၂·၉	-	၂	၄·၉
၁၆	ကျုံဒါး	၂·၃	၁	-	၃·၃
၁၇	လှိုင်းဘုန်း***	၂·၄၆	၂	၁	၅·၄၆
၁၈	ဟိုင်းကြီးကျွန်း**	၈	၂၀	၂၀	၄၈
၁၉	ကျုံကဒိုး	၁·၃၆	၀·၈၄	-	၂·၂
၂၀	ကဒုံကနိ***	၁·၁၄၅	၀·၀၅၅	-	၁·၂
၂၁	ငပုတော	၁	၁	၂	၄
	စုစုပေါင်း	**၁၄၅၀·၁၆**	**၁၅၇၇·၉၈**	**၂၀၈၉·၅၁**	**၅၁၁၇·၆၅**

မှတ်ချက် * နောက်တန်းစခန်းများဖြစ်ပါသည်။
** အလယ်တန်းစခန်းများဖြစ်ပါသည်။
*** ရှေ့တန်းစခန်းများဖြစ်ပါသည်။

စဉ်	ဒေသ	စားသောက်ကုန်	လူသုံးကုန်	ဆောက်လုပ်ရေး	ပေါင်း (တန်ဖြင့်)
	ရန်ကုန်တိုင်း				
၁	တွံတေး	၃·၂၂	၄	-	၇·၂၂
၂	ကွမ်းခြံကုန်း	၂၈	၂၈	၈၄·၄	၁၄၀·၄
၃	ခရမ်း/သုံးခွ	၆	၅·၁၅	-	၁၁·၁၅
	စုစုပေါင်း	**၃၇·၂၂**	**၃၇·၁၅**	**၈၄·၄**	**၁၅၈·၇၇**

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan လာရောက်တွေ့ဆုံစဉ်။ (ကျန်းမာရေး)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား အာဆီယံအတွင်းရေးမှူးချုပ် လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၁

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်အား မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အာဆီယံ အတွင်းရေးမှူးချုပ် Dr.Surin Pitsuwan သည် ယမန်နေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ Chatrium ဟိုတယ် ဆာကူရာခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာကျော်ညွှန့်စိန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့က ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း လေဘေးသင့်ခံခဲ့ရသည့်ဒေသနေ ပြည်သူများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဆပ်ကော်မတီအနေဖြင့် တိုက်ရိုက်ကွပ်ကဲကာ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့များစေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှု လုပ်ငန်းများအခြေအနေ၊ ဆေးဝါးပစ္စည်းများ ဖြန့်ဖြူးဖြည့်ဆည်းထားရှိမှု အခြေအနေနှင့်ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှုမရှိစေရန် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ကျွမ်းကျင်သူအတတ်ပညာရှင်များစေလွှတ်၍ ကွင်းဆင်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးညှိနှိုင်း

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ် Dr.Surin Pitsuwan က အာဆီယံအဖွဲ့အနေဖြင့် နိုင်ငံတကာမှ ကူညီပံ့ပိုးပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်မှုနှင့် လျှပ်စစ်ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနေမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့် သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဧရာဝတီတိုင်း မအူပင်မြို့ရှိ မအူပင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံး၌ မေ ၁၆ရက်မှစ၍ မအူပင်မြို့တွင်း လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးနေမှု၊ မအူပင်မြို့နှင့် ကျိုက်လတ်မြို့ကြား မအူပင်-ကျိုက်လတ် (၃၃)ကေဗွီဓာတ်အားလိုင်းတွင် ဓာတ်တိုင်များ အသစ်ပြန်လည်စိုက်ထူနေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျိုက်လတ်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၌ မြို့နယ်အင်ဂျင်နီယာက ကျိုက်လတ်မြို့တွင်း ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေနှင့် မအူပင်-ကျိုက်လတ် ဓာတ်အားလိုင်း ပြုပြင်ဆဲကာလအတွင်း မီးစက်ဖြင့် ကျိုက်လတ်မြို့တွင်း ဓာတ်အားဖြန့်ဖြူးပေး ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက မြို့တွင်းသို့ ဓာတ်အားကို အပြည့်အဝဖြန့်ဖြူးပေးနိုင်ရေးနှင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများ ပြန်လည်ပြုပြင် တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရန် မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲ ၁နာရီခွဲတွင် ဖျာပုံမြို့ ဓာတ်အားလိုင်းများ ပြုပြင်ဆဲကာလတွင် ဖျာပုံ၊ ဘိုကလေးနှင့် ဒေးဒရဲမြို့များ၌ မီးစက်ဖြင့် လျှပ်စစ်ဓာတ်အားပေးထားသော်လည်း လှိုင်သာယာခွဲရုံမှ ပို့လွှတ်သောဓာတ်အားကို ရယူနိုင်ရန် ပျက်စီးသွားသော ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်ရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

သင့်သွေးဖြင့် အသက်ကယ်ပါ

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများလှူဒါန်းလျက်ရှိ

ရန်ကုန် မေ ၂၁

ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ခံရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိကြရာ ယနေ့တွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ) အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

အဆိုပါအလှူရှင်များမှာ ဒေါ်ညွန့်ညွန့်အောင်(အထပြ၊ ငြိမ်း)နှင့် ဒေါ်သန်းရွှေ၊ ညီမ ဒေါ်တင်ရှိန်၊ သမီး ဒေါ်မြင့်မြင့်လေးတို့က ငွေကျပ်တစ်သိန်းစီ၊ နိုင်ငံတော်သမ္မတရုံး အရာထမ်း၊ အမှုထမ်းများက ငွေကျပ် ၁၅၆၆၀၀၊ ဦးမြငြိမ်း မိသားစု (Smart Digital ဓာတ်ပုံဆိုင်)က ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးကြီးမြင့်အောင်(ငြိမ်း)နှင့် ဒေါ်နုနု မိသားစုတို့က ငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးတင်ထွဋ်(ငြိမ်း)နှင့် ဒေါ်တင်အေးခိုင်၊ မြေးများက ငွေကျပ် ၂၀၅၀၀၀၊ ဦးမင်းစိန်လွင်-ဒေါ်ခင်သစ်ဦးနှင့် သမီးများက ငွေကျပ်ငါးသောင်း၊ ဦးမောင်စိန်နှင့် ဒေါ်ကျင်ယုံ မိသားစုက ငွေကျပ်တစ်သိန်း၊ ကိုစိုးနိုင်နှင့် မနှင်းရီတို့က ငွေကျပ်သုံးသောင်း၊ မိခင်ကြီး ဒေါ်အုန်းခင်အား အမှူးထား၍ သမီး ဒုတိယဗိုလ်မှူးကြီး နွယ်နွယ်ဝင်း၊ သား ဗိုလ်မှူးမင်းဇော်(ငြိမ်း)နှင့် ဒေါ်ချိုချိုဦး၊ မြေးတစ်စုတို့က ငွေကျပ်ငါးသိန်း၊ သုဓမ္မမဏိဇောတဓရ ဦးကျော်ဝင်းနှင့် သီဟသုဓမ္မသိင်္ဂီ ဒေါ်သွင်သွင် (သစ္စာစေတနာရောင်းဝယ်ရေး မိသားစု၊ မန္တလေးမြို့)က ငွေကျပ် နှစ်သိန်း၊ ဦးမောင်မောင်နိုင်နှင့် ဒေါ်ချိုချိုလွင်မိသားစုက ငွေကျပ်သုံးသိန်း၊ ဦးဝင်းတင်နှင့် ဒေါ်အေးငြိမ်း၊သမီး ဇွန်သစ်ဝင်းနှင့်(ဦးဘသိန်း)နှင့် ဒေါ်အေးသွင် မိသားစုတို့က ငွေကျပ် ငါးသိန်းစီ၊ ဗိုလ်မှူးမောင်မောင်ထွေး(ငြိမ်း)နှင့် ဒေါ်ကြူကြူမိသားစုက ငွေကျပ်တစ်သိန်း၊ ဦးနေဝင်းထွန်းနှင့် ဒေါ်အေးအေးမြင့်မိသားစု၊(ပတ္တမြားနဂါးကုမ္ပဏီ)က ငွေကျပ်သိန်း ၃၀၀၊ လဝကရုံးချုပ်က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၁၀၀၊ ရသာချိုကုမ္ပဏီကငွေကျပ်သိန်း ၁၄၀၊ ဦးကျော်လှိုင်နှင့် ဒေါ်ခင်သန်းရီမိသားစုကငွေကျပ် ၂၅၀၀၀၊ ဖားကန့်ခရိုင်မှ ဦးတင်မောင်ဆွေနှင့်ဝန်ထမ်းများက ငွေကျပ် ငါးသိန်း၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများက ငွေကျပ်သိန်း ၅၀၊ Mr. Faisal and Mrs.Meena Patel တို့က အမေရိကန်ဒေါ်လာ၄၀၀၀၊ Ms. Luoyan, Chairman & President of China CAMC Engineering Co.,Ltd.(CAMCE)က အမေရိကန်ဒေါ်လာတစ်သိန်း၊ The Republic of Korea က အမေရိကန်ဒေါ်လာတစ်သိန်း၊ ဟောင်ကောင်ရှိ မြန်မာကောင်စစ်ဝန်ရုံးက အမေရိကန် ဒေါ်လာ ၁၉၉၁၄ ဒသမ ၈၅၊ ဟောင်ကောင်ရှိ မြန်မာကောင်စစ်ဝန်ရုံးက အမေရိကန် ဒေါ်လာ ၂၀၄၇၈ ဒသမ၂၂၊ ဂျပန်နိုင်ငံရှိ မြန်မာသံရုံးတွင် လက်ခံရရှိသော လှူဒါန်းငွေ ယူရို ၁၂၀၇၀၅ ဒသမ ၇၂၊ ဗီယက်နမ်နိုင်ငံရှိ မြန်မာသံရုံးတွင် လက်ခံရရှိသော လှူဒါန်းငွေ ယူရို ၂၀၀၈၉ဒသမ ၂၁ နှင့် The Government of Malaysia က အမေရိကန် ဒေါ်လာ ၁၀ သိန်းတို့ဖြစ်သည်။

ယနေ့တွင် လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၆၃၆ဒသမ ၆၆၆သိန်း၊ အမေရိကန်ဒေါ်လာ ၁၂၄၄၃၉၃ ဒသမ၀၇နှင့် ယူရိုငွေ ၁၄၀၇၉၄ဒသမ၉၃ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဝမ်းနည်းကြေကွဲ စာနာထောက်ထားကြောင်းလက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၁

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် ယနေ့ နံနက် ၁၀ နာရီ ၁၅မိနစ်တွင် အမှတ်(၁) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးသို့သွားရောက်၍ မကြာသေးမီက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော ငလျင်ဘေးဒဏ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးခဲ့ရခြင်းနှင့် ငလျင်ဘေးဒဏ်ခံ ဒုက္ခသည်များအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ်စာအုပ်တွင် လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် မေ ၂၁

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များအနေဖြင့် အလှူငွေများ၊ ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါနေရာများ၌ လှူဒါန်းနိုင်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်း အမှတ် ၁၆/ကရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ ဖုန်း-၀၉-၈၆၀၀၁၀၉နှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅တို့သို့ တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်းနှင့် ပစ္စည်းများကို ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်)ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ကုန်သွယ်ရေးဂိုဒေါင် အမှတ်(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားအနီး ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆၊ ၀၉-၈၆၀၀၇၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၁

မုန်တိုင်းဒဏ်ခံရသောပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊အသင်းအဖွဲ့များ၊တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၆၇၄၀၀တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်မှ ဌာနဆိုင်ရာများနှင့် စေတနာရှင်ပြည်သူများက ငွေ ၃၂၃၆၄၈၃၅ ကျပ်၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁သိန်းတန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများ၊မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင် ပြည်သူများက ငွေကျပ် ၉၆၄၄၀၂၀၀ တန်ဖိုးရှိ တစ်ဘီးထွန်းစက်အစီး ၁၀၀၊ ဆန် ၅၂၂ အိတ်၊ အဝတ်အထည်မျိုးစုံနှင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၆ သိန်းနှင့် ငွေကျပ် ၁၇၁၂၅၀၀၀တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် ခိုင်းနွား ၂၂ ကောင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်မှ တတိယအကြိမ် လှူဒါန်းငွေကျပ် ၆၅၅သိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့လာရောက်လှူဒါန်းငွေကျပ် ၈၅၉၀၆၆၀၀ အပါအဝင် စေတနာရှင်အလှူရှင်များ၏ ယနေ့လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၃၀၄၂၀၄၀၃၅ ဖြစ်ပြီး မေ ၂၁ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၈၂၅၅၈၆၆၂၀၆ ကျပ် ရှိပြီဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၂၂-၅-၂၀၀၈ ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
၇း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၀၅	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News
၈း၃၅	၈။	တေးဂီတအစီအစဉ်
၉း၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	Breaking News
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	အကပဒေသာ
၄း၄၀	၄။	တေးဂီတအစီအစဉ်
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၀	၆။	တေးဂီတအစီအစဉ်
၅း၁၅	၇။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၄၀	၁၀။	တေးဂီတအစီအစဉ်
၇း၀၀	၁၁။	ရုပ်မြင်ရသတေးစုကဏ္ဍ (အောင်ရှင်)
၇း၁၅	၁၂။	တေးဂီတအစီအစဉ်
၈း၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	မြန်မာဗီဒီယိုဇာတ်လမ်း **လွှမ်းတင်ကြိုး** (အပိုင်း-၁) နိုင်းနိုင်း၊ အိန္ဒြာကျော်ဇင်၊ မေသန်းနု ဒါရိုက်တာ-မောင်မောင်ဦး-စနိုးပိုက်
	၁၇။	အစီအစဉ်ပြီး၏။

နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

(မေ ၂၁ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာ၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန် တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဂွမြို့တွင် ၄.၃၇ လက်မနှင့် မန္တလေးမြို့တွင် ၂.၃၂လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

မေ ၂၂ရက် ညနေအထိ ခန့်မှန်းချက် ။ ။ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၂ရက် ညနေအထိ ခန့်မှန်းချက်။
နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၂ ရက် ညနေအထိ ခန့်မှန်းချက်။
မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၂ ရက် ညနေအထိ ခန့်မှန်းချက်။
နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၁-၅-၂၀၀၈	၈ မမ(၀.၃၂ လက်မ)	၉ မမ(၀.၃၆ လက်မ)	၂၄ မမ (၀. ၉၄ လက်မ)
၁-၁-၂၀၀၈မှယနေ့အထိ	၇၀၅မမ(၂၇.၇၆ လက်မ)	၈၁၁ မမ(၃၁.၉၃ လက်မ)	၈၃၃ မမ (၃၄. ၇၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၀ရက် ညနေ ၅ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၇မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

သတိပေးနှိုးဆော်ချက်

ယခုရာသီကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ပွားတတ်သည့်အချိန် ဖြစ်ပါသည်။ မသန့်ရှင်းသောရေ သောက်သုံးခြင်းနှင့် မသန့်ရှင်းသော အစားအသောက်များစားသုံးခြင်းတို့ကြောင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ သို့ဖြစ်ပါ၍-

ဝမ်းလျှောဝမ်းပျက်ရောဂါကိုကာကွယ်နိုင်ရန်အတွက်-

- **ကလိုရင်းဆေးခတ်ထားသော ရေ(သို့မဟုတ်) ကျိုချက်ထားသော ရေကိုသာလျှင် သောက်သုံးကြရန်၊**
- **သန့်ရှင်းလတ်ဆတ်သော ပူနွေးသည့်အစာများကိုသာ စားသုံးကြရန်၊**
- **ယင်နားစာမစားရန်နှင့် အစာများကို ယင်မနားအောင် ဖုံးအုပ်ထားကြရန်၊**
- **ကလေး၊ လူကြီးအားလုံး သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲကြရန်၊**
- **အစာမစားမီနှင့် အညစ်အကြေးကိုင်တွယ်ပြီးတိုင်း လက်ကို စင်ကြယ်အောင် ဆေးကြောကြရန်၊**
- **အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ကြရန်၊**

(ထုံးဖြူးခြင်း၊ မြေဖုံးခြင်း၊ မီးရှို့ခြင်းများကို ဆောင်ရွက်ရန်)

ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက အနီးဆုံးကျန်းမာရေးဌာနသို့ အမြန်ဆုံးပြသရန်နှင့် လူနာများတွေ့ရှိက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပေးပို့ကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဦးအောင်ကြည်တို့ မင်္ဂလာတောင်ညွန့်မြို့နယ် လေဘေးသင့် ပြည်သူများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၂၁

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည်တို့သည် ယနေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားကြပြီး ဆန်နှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

အားပေး

ရှေးဦးစွာ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ရထားရပ်ကွက်ရှိ အမှတ် (၂၃) အခြေခံပညာမူလတန်းကျောင်းသို့ နံနက် ၉နာရီခွဲတွင် ရောက်ရှိကြပြီး တောင်ညွန့်ကြီးရပ်ကွက်၊ ဖို့မြေရပ်ကွက်၊ လွတ်လပ်ရေးရပ်ကွက်နှင့်တောင်ညွန့်ရထားရပ်ကွက်စသည့် ရပ်ကွက်လေးခုတို့မှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားပြီး ဝန်ကြီး ဦးအောင်ကြည်က အားပေးစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆန်နှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို လေဘေးသင့်ပြည်သူများအား ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီး ဦးအောင်ကြည်တို့သည် နံနက် ၁၀နာရီခွဲတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပန်းဆိုးတန်းလမ်း ကန်တော်ကလေးတောင်ပိုင်း ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သိမ်ဖြူရထားရပ်ကွက်၊စံပြဖဆပလရပ်ကွက်နှင့် ဥယျာဉ်ရပ်ကွက်စသည့် ရပ်ကွက်သုံးရပ်ကွက်မှ လေဘေးသင့်ပြည်သူများအား ယုဇနခန်းမ၌ တွေ့ဆုံသည်။

ရင်းရင်းနှီးနှီး

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဦးအောင်ကြည်တို့က လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကြပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများကိုလေဘေးသင့်ပြည်သူများအား ပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဦးအောင်ကြည်တို့သည် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ပိုင်းရပ်ကွက် ကန်တော်ကလေး ထီးတန်းဓမ္မာရုံသို့ရောက်ရှိကြပြီး ကန်တော်ကလေး တောင်ပိုင်းရပ်ကွက်၊ ကန်တော်ကလေးအနောက်ပိုင်းရပ်ကွက်၊ ကန်တော်ကလေး မြောက်ပိုင်းရပ်ကွက်နှင့် ကန်တော်ကလေး အရှေ့ပိုင်းရပ်ကွက် စသည့် ရပ်ကွက်လေးခုမှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဦးအောင်ကြည်တို့က အားပေးစကားပြောကြားကြပြီး ဆန်နှင့် ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကာ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နားမယောင်မိစေရန်

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၁ခုမှ လေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက သဘာဝဘေးဒဏ်သင့်သော ဒေသများ၌ နိုင်ငံတော်အစိုးရ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပြီး ကယ်ဆယ်ရေး၊ စောင့်ရှောက်ထောက်ပံ့ရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပမှ အလှူရှင်များ၏ ပေးပို့လှူဒါန်းမှုများကို သဘာဝဘေး ကျရောက်သောဒေသများမှ ပြည်သူများလက်ဝယ်သို့ ရောက်ရှိသုံးစွဲ စားသုံးနိုင်အောင်လည်း စနစ်တကျစီမံ၍ အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်သမားများ၏ မဟုတ်မမှန်လုပ်ကြံထုတ်လွှင့်မှုများကို နားမယောင်မိစေရန် အရေးကြီးကြောင်း စသည်ဖြင့် ရှင်းလင်း အားပေးစကားပြောကြားသည်။ **(သတင်းစဉ်)**

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၁

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများပေးပို့လျက်ရှိကြရာ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ ရိုးသုံးပစ္စည်းများ၊ မီးစက်များ၊ တာပေါ်လင်များနှင့် ပစ္စည်းတင်စင်များ စုစုပေါင်း ၁၇ ဒသမ ၁၂ တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့ နံနက် ၈ နာရီ ၁၅မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ အထပ်သားများ၊ ရေဘူးများ၊ စောင်များ၊ ပလတ်စတစ်စများ၊ နိုင်လွန်ကြိုးများ၊ တူများ၊ သံများ စုစုပေါင်းတန် ၂၀ခန့်သည် C-130 လေယာဉ်လေးစင်းဖြင့် နံနက် ၈ နာရီ မိနစ် ၂၀၊ နံနက်၉နာရီ၊ နံနက် ၁၀နာရီ မိနစ် ၂၀နှင့် ညနေ ၃ နာရီ ၁၀ မိနစ်တို့တွင်လည်းကောင်း၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ လာအိုဆေးအကာအကွယ်ပေးရေးအဖွဲ့အတွက် ပေးပို့သော ဆေးမျိုးစုံ ၃ တန်သည် Y 7-100C လေယာဉ်ဖြင့် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ KOICA မှ အစားအသောက်များ၊ လျှပ်စစ်ကေဘယ်လ်ကြိုးများ၊ ဆေးနှင့်ဆေးပစ္စည်းများ စုစုပေါင်း ၂၂ တန်ကျော်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့က ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးမျိုးစုံ၊ ရွက်ဖျင်တဲနှင့် ဆက်စပ်ပစ္စည်းများ၊ အစားအစာမျိုးစုံ၊ ပလတ်စတစ်စများစုစုပေါင်း ၃၅ဒသမ ၅၇တန်သည် IL-76 လေယာဉ်ဖြင့် ညနေ ၄ နာရီတွင်လည်းကောင်း၊ IFRC မှ ဆောက်လုပ်ရေးပစ္စည်းများ၊ တာပေါ်လင်များ စုစုပေါင်း ၅၉ဒသမ ၄၆တန်သည် IL-76 လေယာဉ်ဖြင့် ညနေ ၄ နာရီ ၅၅မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ဖင်လန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ တာပေါ်လင်ပါကင် ၄၀၀၀၊ အိမ်ဆောက်ပစ္စည်းပါကင် ၂၀၀၀စုစုပေါင်း တန် ၄၀ကျော်သည် IL-76 လေယာဉ်ဖြင့် မေ ၂၀ရက်ည ၁၁နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့သည်။

ဖြန့်ဝေ

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် အမေရိကန်ဒေါ်လာတစ်သိန်းလှူဒါန်း

ရန်ကုန် မေ ၂၁

မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများကို အဆက်မပြတ်လှူဒါန်းလျက်ရှိရာ လမ်းမတော်မြို့နယ်ရှိ China CAMC Engineering Co., Ltd.(CAMCE) ကုမ္ပဏီ၏ Chairman & President. Ms. Luo Yan သည် ယနေ့နံနက်၁၀နာရီက ရန်ကင်းမြို့နယ်ရှိ ပြည်ထောင်စုမြန်မာနိုင်ငံဗဟိုဘဏ်သို့ လာရောက်၍ ငွေသားအမေရိကန်ဒေါ်လာ ၁၀၀၀၀၀ကိုပေးအပ်လှူဒါန်းရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ **(အောက်ပုံ)**က လက်ခံကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ဆေးဝါးများလှူဒါန်း

ရန်ကုန် မေ ၂၁

လေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် တိုင်းရင်းဆေးဝါးထုတ်လုပ်သူများက အလှူငွေနှင့် တိုင်းရင်းဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ကွပ်ကဲမှုဌာန၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်သည်။

လှူဒါန်း

အခမ်းအနားတွင် ဦးမောင်မောင်နှင့်ညီများ (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် သိန်း ၅၀နှင့် ငွေကျပ်သိန်း ၁၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးထွန်းရွှေ (ထွန်းရွှေဝါဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၂၀နှင့် ငွေကျပ်သိန်း ၁၀၀တန်ဖိုးရှိ ဆေးဝါးများ၊ ဒေါ်လေးမြင့် (ဦးသာရင်ဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် ၁၀သိန်းနှင့် ငွေကျပ်သိန်း ၆၀တန်ဖိုးရှိ ဆေးဝါးများ၊ ဒေါ်ရွှေရွှေခိုင် (မောရိယဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၂၀နှင့်ငွေကျပ် ၄၅သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ ဦးထွန်းလွင် (ရွှေသမင်ဦးရဲမြင့်ဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၅၀နှင့်ငွေကျပ် သိန်း ၅၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးစိုးမင်းဦး (ရွှေသမင်ဦးစံမြင့်ဆေးဝါးထုတ်လုပ်ရေး) က ငွေကျပ်သိန်း ၂၀နှင့် ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးခင်မောင်ထွန်း (ထက်လင်းဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၂၀နှင့် ငွေကျပ် ၁၅သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ ဦးဘိုကြီး (ရုပ်ပျိုဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သိန်း ၂၀နှင့် ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိဆေးဝါးများ၊ ဦးတင်မောင်ကြည် (အေးငြိမ်းသီတာ ဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ် ၁၀သိန်း၊ ဦးကျော်စိန် (ဖြူစင်မေတ္တာဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်ငါးသိန်းနှင့် ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ ဆေးဝါးများ၊ ဦးတင်မောင် (စန္ဒီပရဆေး)က ငွေကျပ်သိန်း ၅၀တန်ဖိုးရှိဆေးဝါးများ၊ ဒေါ်တင်နွယ်ဦး (မှန်ချိုဆေးဝါးထုတ်လုပ်ရေး)က ငွေကျပ်သုံးသိန်းနှင့် ငွေကျပ်သိန်း ၂၀တန်ဖိုးရှိဆေးဝါးများ၊ မုံရွာဆရာမိုး ဆေးတိုက်က ငွေကျပ်ငါးသိန်း၊ ဦးကြည်ဝင်း (ဆန္ဒမွန်ဆေးတိုက်)က ငွေကျပ်သုံးသိန်းနှင့် ငွေကျပ် ၄ဒသမ ၈သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ ဦးမြင့်လွင် (ဂဠုန်ရာဇာဆေးတိုက်)က ငွေကျပ် တစ်သိန်းနှင့် ငွေကျပ် ၁ဒသမ ၅သိန်း တန်ဖိုးရှိဆေးဝါးများ၊ ရန်ကုန်တိုင်းရင်းဆေးရုံက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ ဦးချမ်းသာ (မဒီဆေးတိုက်)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ ဆေးဝါးများ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (ဗဟို)က ငွေကျပ် သိန်း ၂၀၊ နန်းဝင်းပတ္တမြားနှင့် အဘထဆေးတိုက်တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးမောင်ဉာဏ် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း)က ငွေကျပ်ငါးသိန်း၊ ဦးလှမြင့် (ကေသီပန်ဆေးတိုက်)က ငွေကျပ် ၁၀သိန်းနှင့် ငွေကျပ်သိန်း ၅၀တန်ဖိုးရှိ ဆေးဝါးများ၊ သပြေ ဦးမြင့်ဟန်နှင့် ပိုလိုဆေးတိုက်တို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူငွေ စုစုပေါင်း ကျပ်၂၉၄သိန်းနှင့် ငွေကျပ် ၅၈၄ ဒသမ ၃သိန်းတန်ဖိုးရှိ တိုင်းရင်းဆေးများကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ လှူဒါန်းငွေနှင့် တိုင်းရင်းဆေးဝါးတန်ဖိုးမှာ ငွေကျပ် ၈၇၈ ဒသမ ၃သိန်းဖြစ်သည်။ **(သတင်းစဉ်)**

ရောဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လျက်ရှိ

ရန်ကုန် မေ ၂၁

ဧရာဝတီတိုင်းရှိ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်နှင့် ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မအူပင်၊ မြောင်းမြ၊ ဝါးခယ်မ၊ ဖျာပုံ၊ ဒေးဒရဲ၊ ငပုတောနှင့် ဟိုင်းကြီးကျွန်းမြို့များသို့ သွပ်၊ ရေသန့်ဘူး၊ စောင်၊ အဝတ်အစား၊ ခေါက်ဆွဲခြောက်နှင့် စားသောက်ဖွယ်ရာများ အပါအဝင် စုစုပေါင်းတန်ချိန် ၂၇တန်ကို မော်တော်ယာဉ်များဖြင့် တင်ဆောင်၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်း ကုန်သွယ်ရေးဂိုဒေါင်မှ ထွက်ခွာသွားကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့ ရတနာဒီပကယ်ဆယ်ရေးစခန်းအတွင်း အမိုးအကာ လုံခြုံစွာ စနစ်တကျနေရာချထား စောင့်ရှောက်ပေးထားသည့် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ လိုက်ပါလျက် ညနေ ၃နာရီ မိနစ် ၅၀ တွင် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ မြောင်းမြခရိုင် လပွတ္တာမြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား လပွတ္တာဒေသ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်နေသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားဆောက်လုပ်ရေးလုပ်ငန်းရှင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

တွေ့ဆုံအားပေး

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရတနာဒီပ အားကစားကွင်းရှိ ရတနာဒီပကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ စခန်းအတွင်း အမိုးအကာလုံခြုံစွာ စနစ်တကျနေရာချထား စောင့်ရှောက်ပေးထားသည့် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ကယ်ဆယ်ရေးစခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့မှ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဆေးခန်းရှိ ဆရာဝန် ဆရာမများနှင့် ထိုင်းနိုင်ငံမှ ဆေးကုသရေးအဖွဲ့တို့အားလည်းကောင်း နှုတ်ဆက်အားပေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လပွတ္တာမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ပြင်ပလူနာဌာနနှင့် အမျိုးသားလူနာဆောင်တို့၌ လေဘေးဒဏ်ကြောင့် တက်ရောက်ဆေးဝါးကုသမှုခံယူနေကြသည့် လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် လပွတ္တာမြို့နယ် ဘုရင့်နောင်ရိပ်သာ၌ လပွတ္တာဒေသ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ် ကြီးကြပ်ဆောင်ရွက်နေသည့် ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်မြို့မှတစ်ဆင့် ရောက်ရှိလာသော ပြည်တွင်းပြည်ပမှ လှူဒါန်းထားသည့် ထောက်ပံ့ရေးပစ္စည်းများကို ရှေ့တန်းကယ်ဆယ်ရေးစခန်းများသို့ အမြန်ရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးပို့မှုနှင့် ဖြန့်ဝေပေးမှုအခြေအနေ၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ပေးထားမှု၊ လေဘေးသင့်ပြည်သူများ၏ စားရေး၊ နေရေးကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးမှု၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ စာသင်ကျောင်းများနှင့် ရုံးဌာနအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်နေရာ၌ မက်စ်(မြန်မာ)ကုမ္ပဏီ၊ ဝါဝါဝင်းကုမ္ပဏီ၊ ဇေကမ္ဘာကုမ္ပဏီနှင့် ဧရာရွှေဝါကုမ္ပဏီတို့က ပါဝင်ပံ့ပိုးကူညီဆောင်ရွက်မှု၊ ရေငန်တားတာများ ပြုပြင်တည်ဆောက်မှုအပါအဝင် လယ်ယာမြေ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှု၊ ကျန်းမာရေးကောင်းမွန်၍ငွေးတို့၏ဆန္ဒအရ နေရပ်သို့ ပြန်လည်အခြေချလိုသော ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား ယာယီတဲများဆောက်လုပ် နေထိုင်နိုင်ရေး၊ စားရေရိက္ခာ၊ အဝတ်အထည်နှင့် အိုးခွက်အသုံးအဆောင်များ ထောက်ပံ့ပေးလျက်ရှိသည့် အစီအစဉ်နှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ဒေသလိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း။

စီစဉ်ထား

ဆန်၊ ရိက္ခာ၊ ယာယီအမိုးအကာ၊ ပလတ်စတစ်စများ၊ ဆေးဝါး စသည့် လတ်တလော လိုအပ်ချက်များကို ဗဟိုအဆင့်မှ စီမံတွက်ချက် ဖြည့်ဆည်းထောက်ပံ့နေကြောင်း၊ လိုအပ်သောနေရာများတွင် လိုအပ်သည့်ပစ္စည်းများ အချိန်မီရရှိအောင် ပုံမှန်ထောက်ပံ့ရေးလမ်းကြောင်းများ စီစဉ်ထားပြီးဖြစ်ကြောင်း ပဏာမပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဗိုလ်ချုပ်မှူးကြီးအနေဖြင့် မုန်တိုင်းကျရောက်ပြီးသည်နှင့် တစ်ပြိုင်နက် လေဘေးသင့်ဒေသများသို့ လာရောက်ရန်ရည်စူးခဲ့သော်လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသော ကယ်ဆယ်ရေးလုပ်ငန်းများကို ထောက်ထားပြီး ယခုလို လုပ်ငန်းများနိုင်နင်းသည့်အခြေအနေတွင်မှ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးအနေဖြင့် လေဘေးသင့်ဒေသများရှိ ပုဂ္ဂလိက အိုးအိမ်များ၊ သာသနိက အဆောက်အအုံများ၊ အစိုးရရုံးဌာနများ ထိခိုက်ပျက်စီးမှုကို တိကျမှန်ကန်စွာ စာရင်းဇယားမှတ်တမ်းတင်ထားရန်နှင့် ထိုစာရင်း၊ ဇယားများအပေါ်မူတည်ပြီး ပြန်လည်ထူထောင်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းများချမှတ်ဆောင်ရွက်သွားရန် မှာကြားထားပြီးဖြစ်ကြောင်း။

ကူညီပံ့ပိုး

လပွတ္တာဒေသအနေဖြင့် ဆီ၊ ဆန်၊ ဆားရိက္ခာအတွက် ပူပန်ရန်မလိုပါကြောင်း၊ ပုံမှန်ထောက်ပံ့ရေးလမ်းကြောင်းများ ထူထောင်ပေးမှာဖြစ်ကြောင်း၊ ရေကြောင်းသွားလာရေး၊ လယ်ယာမြေပြန်လည်ထူထောင်ရေး၊ ရေလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် ကူညီပံ့ပိုးသွားမှာဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီး၏ ယခုခရီးစဉ်အစ ရန်ကုန်မြို့သို့ ရောက်ရှိချိန်မှာပင် လေဘေးသင့်ဒေသများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအခြေအနေများကို နိုင်ငံတော်ဝန်ကြီးချုပ်က ဗိုလ်ချုပ်မှူးကြီးထံ ရှင်းလင်းတင်ပြခဲ့ရာ ဗိုလ်ချုပ်မှူးကြီးက သုံးသပ်ညွှန်ကြား လမ်းညွှန်မှုများပေးခဲ့ကြောင်း။

ခရီးစဉ်အတွင်းမှာလည်း ဧရာဝတီတိုင်းဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်ကို နယ်မြေအတွင်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်နိုင်စွမ်းရှိအောင် ဖျာပုံပြည်သူ့ဆေးရုံကြီးကို ခုတင်(၂၀၀)အဆင့်၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ ပြည်သူ့ဆေးရုံများကို ခုတင်(၁၀၀)အဆင့်သို့ တိုးမြှင့်ပေးရန် မှာကြားခဲ့ပြီးဖြစ်ကြောင်း။

ပြုစုစောင့်ရှောက်

ကယ်ဆယ်ရေးစခန်းများအတွင်း မိဘမဲ့ကလေးများကို တွေ့ရှိရသည့်အတွက် ဗိုလ်ချုပ်မှူးကြီးက လေဘေးသင့်မိဘမဲ့ကလေးများအတွက် မိဘမဲ့

လေဘေးသင့်ခံခဲ့ရသော ဘိုကလေးမြို့နယ်မှ အဆောက်အအုံများအား အမိုးအကာများ ပြန်လည်ပြင်ဆင်ထားပြီးနောက် တွေ့ရစဉ်။ (သတင်းစဉ်)

ဖျာပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား အလှူရှင်များက ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိဘမဲ့သွားသော ကလေးများသည် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ထိခိုက်သွားသည်ဖြစ်ရာ ၎င်းတို့ကို နိုင်ငံတော်က ပြုစုစောင့်ရှောက်လေ့ကျင့်ပျိုးထောင် ပေးခြင်းအားဖြင့်သာ နိုင်ငံ့အကျိုးဆောင်မည့် လူကောင်းလူတော်များ ဖြစ်လာမှာဖြစ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် မေလ ၂၂ရက်(ယနေ့)တွင်လည်း ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နှင့် ဘိုကလေးမြို့တို့သို့ သွားရောက်ပြီး လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကယ်ဆယ်ရေးစခန်းများရှိ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးလျက်ရှိသည်။

တွေ့ဆုံအားပေး

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ခင်မောင်ထွန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၆ နာရီခွဲတွင် ပုသိမ်မြို့ရှိ ကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ် သီဟဆောင်ရှိ ဧရာဝတီတိုင်း လေဘေး၊ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ငပုတောမြို့၊ လပွတ္တာမြို့၊ ဟိုင်းကြီးကျွန်းမြို့နှင့် ပြင်ခရိုင်၊ ပြင်စလူ၊ ကွေ့ချောင်း၊ သက္ကယ်သောင်နှင့် ဘုန်းတော်ပြည့်ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကြသည်။

ပုံမှန်ပို့ဆောင်ရောင်းချ

ယင်းနောက် ပုသိမ်မြို့ ကမ်းနားလမ်းရှိ ဦးချိုဆန်စက်သို့ရောက်ရှိကြရာ ဆန်စက်လုပ်ငန်းရှင် ဦးမျိုးဝေနှင့် ဒေါ်အေးအေးလွင်တို့က ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၃၀၀၀၀ ကြိတ်ခွဲပေးနေမှု၊ လပွတ္တာ၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ ဟိုင်းကြီးကျွန်း၊ ပြင်ခရိုင်၊ သင်္ကန်းကုန်း၊ သက္ကယ်သောင်နှင့် ဝါးခယ်မမြို့များသို့ ကြိတ်ခွဲပြီးဆန်အိတ်များအား ရေယာဉ်များဖြင့် တင်ပို့ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်း ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးဝေက ဟင်္သာတ၊ မအူပင်နှင့် မြောင်းမြခရိုင် အတွင်းရှိ ဆန်စက်များသည်လည်း ပုံမှန်ကြိတ်ခွဲ၍ ဧရာဝတီတိုင်းအတွင်းနှင့် အခြား တိုင်းဒေသအသီးသီးသို့ ပုံမှန်ပို့ဆောင် ရောင်းချလျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဆန်စက်အတွင်း ကယ်ဆယ်ရေး စခန်းများသို့ပို့ဆောင်မည့် ဆန်များ ကြိတ်ခွဲနေမှု၊ ကြိတ်ခွဲပြီး ဆန်အိတ်များ ဂိုဒေါင်အတွင်း သိုလှောင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

နေ့စဉ်လည်ပတ်ကြိတ်ခွဲ

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးကယ်ဆယ်ရေးစခန်းများသို့ ဆန်အိတ်များ တင်ပို့ထောက်ပံ့နိုင်ရေးအတွက် ပုသိမ်မြို့ရှိ ဆန်စက်လုပ်ငန်းရှင်များက ဆန်စက် ၃၂ စက်ဖြင့် နေ့စဉ်လည်ပတ်ကြိတ်ခွဲပြီး ရေယာဉ်များဖြင့် တင်ပို့လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့ ရတနာဒီပကယ်ဆယ်ရေးစခန်းအတွင်း အမိုးအကာ လုံခြုံစွာ စနစ်တကျနေရာချထား စောင့်ရှောက်ပေးထားသည့် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကလေးများသင်တန်းကျောင်းကို ဖျာပုံမြို့နှင့် လပွတ္တာမြို့များတွင် ထူထောင်ပေးရန်နှင့် လောလောဆယ်တွင် စာရင်းကောက်ယူ စုစည်းပြီး မအူပင်မြို့နှင့် မြောင်းမြမြို့များ၌ သီးခြားအစီအစဉ်တစ်ရပ်အနေဖြင့် ပြုစုစောင့်ရှောက်ထားရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လက်ရှိဆောင်ရွက်နေသည့် တပ်ရင်းတပ်ဖွဲ့များကို ဆက်လက်ထားရှိ တာဝန်ပေးသွားရန်လည်း မှာကြားခဲ့ကြောင်း၊ အချက်အချာကျသည့် ကျေးရွာအုပ်စုများတွင် အခြေခံပညာ အလယ်တန်းကျောင်းများဖြစ်အောင် ပြန်လည်ထူထောင်ရန်လည်း စီစဉ်နေပြီဖြစ်ကြောင်း။

လေဘေးသင့်ကွယ်လွန်ခဲ့သည့် ဝန်ထမ်းများအတွက်လည်း ဝန်ထမ်းခံစားခွင့်များပေးနိုင်အောင် စီမံဆောင်ရွက်နေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

လေ့ကျင့်ပျိုးထောင်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဆက်လက်မှာကြားရာတွင် မိဘမဲ့သွားသော ကလေးများသည် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ထိခိုက်သွားသည်ဖြစ်ရာ ၎င်းတို့ကို နိုင်ငံတော်က ပြုစုစောင့်ရှောက် လေ့ကျင့်ပျိုးထောင်ပေးခြင်းအားဖြင့်သာ နိုင်ငံ့အကျိုးဆောင်မည့် လူကောင်းလူတော်များဖြစ်လာမှာဖြစ်ကြောင်း။

လေဘေးသင့်ဒေသများနှင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရင်း ဒေသတစ်ခုလုံး၏ ပညာရေး၊ ကျန်းမာရေးအဆင့်ကို မြှင့်တင်ပေးရမှာ ဖြစ်ကြောင်း။

ပင်လယ်ပိုင်း ဒေသများအထိ လမ်းများဖောက်လုပ်ပေးရင်း လမ်းများကို ဆက်သွယ်ရေးအတွက်သာမက ရေဘေးခိုလှုံနိုင်သည့် အမြင့်အထိဖြစ်အောင် မြှင့်ပေးရမှာဖြစ်ကြောင်း။

နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် ပြည်သူများအားလုံးက ပူးပေါင်းပါဝင် ဆောင်ရွက်နေသည့်အတွက် လုပ်ငန်းများ အောင်မြင်အကောင်အထည်ဖော် ဖြစ်ထွန်းနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

စနစ်တကျရွေးချယ်

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဗိုလ်ချုပ်မှူးကြီး၏ မှာကြားချက်များနှင့်အညီ ပင်လယ်ပိုင်းဒေသများသို့ ဆက်သွယ်ဖောက်လုပ်မည့် လမ်းများကို မြေပုံနှင့်တကွ လျာထားတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက အတည်ပြုပြီး ကားလမ်းအူကြောင်းများ စနစ်တကျ ရွေးချယ်ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အတည်ပြုချက်အရ ဆက်လက်ဖောက်လုပ်သွားမည့် ကားလမ်းများမှာ-

- မအူပင်-ရေလဲလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်း၊
- မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-သစ်ပုတ်-ကွင်းပေါက်-ပြင်စလူလမ်း၊
- လပွတ္တာ-သဃ်္ဃန်းကြီး-ပြင်စလူလမ်း၊
- ဘိုကလေး-ကျိန်ချောင်း-ကဒုံကနီလမ်း၊
- လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းတို့ဖြစ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် မော်တော်ယာဉ်များဖြင့် လပွတ္တာမြို့မှ မြောင်းမြမြို့သို့ ရောက်ရှိကြပြီး လပွတ္တာဒေသမှ လေဘေးသင့်ပြည်သူများအား စောင့်ရှောက်ထားရှိသည့် မြောင်းမြမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းရှိ အမှတ်(၄)ကယ်ဆယ်ရေး စခန်းသို့ သွားရောက်ကာ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဖျာပုံမြို့နယ်သို့ သစ်များ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

အဖွံ့ဖြိုးဆုံးဒေသ

ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေး ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရေရှည်တွင် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ရေး အစီအမံများကို ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းဆောင်ရွက်ပြီးသည့်အခါတွင် ဒေသကြီးသည် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးအဘက်ဘက်က တိုးတက်ကောင်းမွန်သည့် အဖွံ့ဖြိုးဆုံးဒေသတစ်ခုဖြစ်လာမှာဖြစ်ကြောင်း။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် စွမ်းအားစု(၃)ရပ် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်မှ အောင်မြင်မည်ဆိုသည့် နိုင်ငံတော်၏ မူဝါဒနှင့်အညီ ယခုဆောင်ရွက်နေသည့် ကယ်ဆယ်ရေး

ကျန်းမာရေးစောင့်ရှောက်မှု

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကယ်ဆယ်ရေးစခန်းရှိ ဆေးကုသခန်း၌ တာဝန်ရှိသူများအား နေ့စဉ် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရမှုအခြေအနေများကို မေးမြန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ပုသိမ်မြို့သို့ ညပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမရှိ ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကြပြီး လပွတ္တာမြို့နယ် ဘုန်းကြီးကုန်း၊ ဆားချက်၊ အမတ်ကလေး၊ သာခရမ်းကုန်းနှင့် သပြေချိုင်ကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးစခန်းရှိ လယ်ယာစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းလုပ်ကိုင်သူ ပြည်သူများအား လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် သိရှိလိုသည်များကိုမေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံဆောင်ရွက်ပေးသည်။

စေတနာထားကူညီစောင့်ရှောက်

ယင်းနောက် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား စေတနာထား ကူညီစောင့်ရှောက်မှု ပေးရန် တာဝန်ရှိသူများကို မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဘိုကလေးမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အလျင်အမြန်ဆောင်ရွက်နေ

ကွင်းဆင်းမှတ်တမ်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံမှတ်တမ်း-ဌေးအောင်(ကြေးမုံ)၊ စာမျက်နှာဖွဲ့စည်းမှု-သန်းဇော်

ရန်ကုန် မေ ၂၁

မေ ၂ရက်နှင့် ၃ရက်နေ့က တိုက်ခတ်ခဲ့သော လေမုန်တိုင်းဒဏ်ကြောင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသအချို့ ပျက်စီးဆုံးရှုံးမှုများ ကြုံခဲ့ရသည်။ လေမုန်တိုင်းဒဏ်ခံ ဧရာဝတီတိုင်းမှ ဘိုကလေးမြို့နယ်သို့ သတင်းအဖွဲ့ရောက်ရှိပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှုတို့ကို လေ့လာကြည့်ရှု၍ သတင်းမှတ်တမ်းများရယူခဲ့သည်။

ကယ်ဆယ်ခဲ့

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မေ ၄ရက်မှ စတင်၍ ဘိုကလေးမြို့နယ်တွင် စခန်းချနေထိုင်ပြီး အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည်။ ကယ်ဆယ်ရေး လုပ်ငန်းများကို တပ်မတော် ရဟတ်ယာဉ်နှင့် စက်လှေများဖြင့် ဝေဟင်မှရော ရေပြင်မှပါ၊ ပင်လယ်ဘက်ဒေသ ကျေးရွာများသို့အရောက် ရှာဖွေဆောင်ရွက် ကယ်ဆယ်ခဲ့သည်။

ကူညီစောင့်ရှောက်

ဘိုကလေးမြို့နယ်တွင် မြို့ပေါ်နှင့် ကျေးရွာအုပ်စုပေါင်း ၇၈ အုပ်စုရှိရာ မြို့ပေါ်တွင် ၃၅ ရာခိုင်နှုန်းခန့်၊ ကျေးလက်ဒေသတွင် ၆၀ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ ကယ်ဆယ်ရေးစခန်းပေါင်း ၅၃ ခုနှင့် စက်ဆန်းကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာတို့တွင် ရေ့တန်းကယ်ဆယ်ရေး စခန်းနှစ်ခု ဖွင့်လှစ် ဆောင်ရွက်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်မှုနှင့် ရေကြီးမှုဖြစ်ပွားပြီးနောက် လေဘေးသင့် ပြည်သူပေါင်း ၂၄၀၀၀ ကျော်ကို ကူညီစောင့်ရှောက်ပေးခဲ့သည်။ ယခုအခါ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေးများ ဆောင်ရွက်နေပြီး ကယ်ဆယ်ရေး စခန်းတွင် လေဘေးသင့် ပြည်သူ ၄၅၀၀ ကျော်ခန့်သာ ရှိတော့ကြောင်း သိမြင်ခဲ့ရသည်။

ပြန်လည်ပို့ဆောင်

သတင်းအဖွဲ့ ရောက်ရှိချိန်တွင် အခြေအနေများ ငြိမ်သက်စပြုလာပြီဖြစ်၍ မိမိဆန္ဒဖြင့် ကိုယ့်အိမ်ကိုယ်ယာသို့ ပြန်လိုသူများအတွက် တစ်မိုးခံ ယာယီတဲများနှင့် လယ်ယာသုံး ပစ္စည်းများ၊ ဆန်၊ ရေသန့်၊ အိမ်ထောင်စုသုံး ပစ္စည်းများ ပံ့ပိုးလျက် ကျေးရွာအရောက် ပြန်လည်ပို့ဆောင်ပေးလျက်ရှိကြောင်း တွေ့ရှိရသည်။

နောင်နှစ် စပါးပေါ်ချိန်အထိ စားသောက်ရေး အခက်အခဲမရှိရလေအောင်လည်း စဉ်ဆက်မပြတ်ထောက်ပံ့

ဘိုကလေးမြို့ ဆက်သွယ်ရေးစခန်းမှ အများပြည်သူသုံး တယ်လီဖုန်းဖြင့် အလွယ်တကူ ဆက်သွယ်နိုင်ပြီ။

ပေးမည်ဖြစ်ပြီး ကျေးရွာအလိုက် အဝီစိတွင်းများ၊ ကျန်းမာရေးဆေးခန်းများ အလျင်အမြန် ဆောက်လုပ်လျက် ကျန်းမာရေးမှူးများက တာဝန်ယူကုသပေးကြမည် ဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

မုန်တိုင်းပြီးစကာလက ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ဒေသရှိ ပြည်သူ့ဆေးရုံကြီးအပြင် ဘုရားကျောင်းကျေးရွာ၌ ဒေါ်တင်မြကုသိုလ်ဖြစ်ဆေးခန်း၊ သီတဂူ ဆရာတော် အရှင်ဒေါက်တာဉာဏိဿရ၏ စီစဉ်ပံ့ပိုးမှုဖြင့် ကွမ်းသီးချောင်းကျေးရွာ အပါအဝင် ကျေးရွာငါးခု၌ အခမဲ့ဆေးခန်းများ ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့သည်။ ယခုအခါ ပြည်တွင်းမှ အထူးကု ဆရာဝန်ကြီးများ၊ တပ်မတော် ဆေးတပ်ဖွဲ့ဝင်များနှင့် ပြည်ပ ဆေးကုသရေးအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်သည်။

စီမံဆောင်ရွက်

တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက မျိုးစပါးများဖြန့်ဖြူး၍ ထွန်ယက်ရေးအတွက် ထွန်စက်စခန်းများဖွဲ့၍လည်းကောင်း၊ ဆုံးရှုံးသွားသော ကျွဲ၊ နွား၊ တိရစ္ဆာန်များနှင့် ရေလုပ်ငန်းလုပ်ကိုင်နေသူများအတွက် လုပ်ငန်းခွင်သုံး ပစ္စည်းများနှင့် တိရစ္ဆာန်များကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနကလည်းကောင်း စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်နိုင်ပြီ

ပညာရေးကဏ္ဍအနေဖြင့် ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြို့ပေါ်ရှိ စာသင်ကျောင်းများနှင့် ကျေးရွာရှိ စာသင်ကျောင်းများကို ထူးထရေးဒင်းကုမ္ပဏီနှင့် ဒိုင်းမွန်းမာကျူရီကုမ္ပဏီတို့မှ လုပ်သားအင်အား ၃၀၀ ကျော်ဖြင့် အလျင်အမြန် ဆောင်ရွက်လျက်ရှိနေသည်။ ဆက်သွယ်ရေးတွင်လည်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မေ ၈ ရက်တွင် အရေးပေါ်ဆက်သွယ်ရေးစနစ်ဖြင့် ပင်လယ်ပြင် ကမ်းနီးကမ်းဝေး မိုဘိုင်းလ်စနစ် (CDMA 450) ဖုန်းများ တပ်ဆင်ပေးနိုင်မှုကြောင့် ပြည်တွင်းပြည်ပ နေရာမရွေး အချိန်နှင့်အမျှ ဆက်သွယ်နိုင်ပြီဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။

လျှပ်စစ်မီး ရရှိရေးအတွက် မြို့ပေါ် လမ်းမကြီးများ၌ လျှပ်စစ်ဌာနမှ ဝန်ထမ်းများက ချက်ချင်းဆောင်ရွက်နိုင်ခဲ့ပြီး လူနေရပ်ကွက်များသို့ 100KV မီးစက်ကြီးများဖြင့် အချိန်ပိုင်း မီးပေးလျက်ရှိသည်။

လျှပ်စစ်လုပ်သားကြီးများ ဘိုကလေးမြို့တွင် လျှပ်စစ်မီး အမြန်ရရှိရေး ဤသို့ သက်စွန့်ကြိုးပမ်းလုပ်ဆောင်ကြရသည်။

လက်တွဲညီညီ

ယခုအခါ ပထမအဆင့်အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် ပြီးစီးပြီဖြစ်ရာ ဒုတိယအဆင့်အနေဖြင့် ပြန်လည် ထူထောင်ရေးအတွက် ပျက်စီးဆုံးရှုံးခဲ့ရသော ပညာရေး၊ ကျန်းမာရေးအခြေခံ အဆောက်အအုံများကို ပြန်လည်တည်ဆောက်လျက်ရှိပြီဖြစ်ရာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူ အားသုံးအားတို့ အမျိုးသားရေးစိတ်ဓာတ်ကို အရင်းခံ၍ လက်တွဲညီညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားခြင်းအားဖြင့် လေဘေးသင့်ဒေသများနှင့် လေဘေးသင့်ပြည်သူများ အလျင်အမြန် ပြန်လည်ထူထောင်လာနိုင်မည် ဖြစ်သည်ဟု ကျွန်တော်တို့သတင်းအဖွဲ့ အပြည့်အဝ ယုံကြည်နေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

ဘိုကလေးမြို့ ပြန်လည် တည်ဆောက်ရေး လုပ်ငန်းများအတွက် သစ်မျိုးစုံ ရောက်ရှိလာစဉ်။

- ပထမအဆင့်အနေဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ဒုတိယအဆင့်အနေဖြင့် ပြန်လည်ထူထောင်ရေးအတွက် ပျက်စီးဆုံးရှုံးခဲ့ရသော ပညာရေး၊ ကျန်းမာရေးအခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်လျက်ရှိ။
- အရေးပေါ်ဆက်သွယ်ရေးစနစ်ဖြင့် ပင်လယ်ပြင် ကမ်းနီးကမ်းဝေး မိုဘိုင်းလ်စနစ် (CDMA 450)ဖုန်းများ တပ်ဆင်ပေးနိုင်မှုကြောင့် ပြည်တွင်းပြည်ပနေရာမရွေး အချိန်နှင့်အမျှ ဆက်သွယ်နိုင်ပြီ။
- လျှပ်စစ်မီးရရှိရေးအတွက် မြို့ပေါ်လမ်းမကြီးများ၌ ချက်ချင်းဆောင်ရွက်နိုင်ခဲ့ပြီး လူနေရပ်ကွက်များသို့ 100KV မီးစက်ကြီးများဖြင့် အချိန်ပိုင်းမီးပေးလျက်ရှိ။

ဘိုကလေးမြို့တွင် ဈေးရောင်း ဈေးဝယ်သူများဖြင့် ပြန်လည်စည်ကားနေပေပြီ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း လိုက်ပါ၍ မေ၁၉ရက် နံနက်၉နာရီက မော်လမြိုင်မြို့ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အသုံးချသုတေသနဌာန၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်အသုံးချ သုတေသနဌာနမှ ဒုတိယ အထွေထွေမန်နေဂျာ ဦးအေးဖေက အသုံးချသုတေသနဌာန၌ မျိုးစေ့နှင့်ပျိုးပင် ပျိုးထောင်မှု၊ တစ်သျှုးမွေးမြူခြင်း၊ မြေဆီလွှာအသုံးချခြင်း၊ ပိုးမွှားကာကွယ်ခြင်း၊ ဆီအုန်းနှင့်ရော်ဘာ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာဦးဝင်းမြင့်က မွန်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုးမှု၊ ရော်ဘာတောင်သူများအား နည်းပညာပေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း အထွေထွေမန်နေဂျာဦးတင်ဌေးက ဒေသနှင့်ကိုက်ညီသော ရော်ဘာမျိုးများစိုက်ပျိုးမှုနှင့် သုတေသနပြုလုပ်၍ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို မှာကြားကာ ဌာနအလိုက် သုတေသနပြု ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ ပြသထားရှိသော ရော်ဘာပျိုးပင်များ၊ ဆီသပြေ၊ ဆီအုန်းမျိုးစေ့နှင့် ဆီထုတ်လုပ်ထားရှိမှု၊ ကြက်ဆူမျိုးစေ့များကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မုဒုံမြို့နယ် ကွမ်တာကျေးရွာသို့ ရောက်ရှိပြီး ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွက် မွန်ပြည်နယ်မှ ခိုင်းကျွဲများဝယ်ယူ၍ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေခြင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် မုဒုံမြို့ ရွှေဟင်္သာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံရာ ရေးဦးစွာ မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်သာအေးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မှာကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မုဒုံမြို့ ကန်ကလေးဉယျာဉ်ခြံသို့ ရောက်ရှိရာ ခြံမန်နေဂျာ ဦးကြည်လင်းက ဉယျာဉ်ခြံ အကြောင်းနှင့် ဒူးရင်း၊ ကြက်မောက်၊ ကျွဲကော၊ သံပရာ၊ ပိန္နဲ၊ ကနစို မျိုးကောင်းမျိုးသန့် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နှစ်ရှည်ပျိုးပင်များကို ကြည့်ရှုကာ ကန်ကလေးဉယျာဉ်ခြံအတွင်း ဒူးရင်းပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် သံဖြူဇရပ်မြို့နယ် ခရမ့်ရော်ဘာစက်ရုံသို့ ရောက်ရှိ၍ စက်ရုံလည်ပတ်မှုနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် မြန်မာ့ဆားနှင့် အဏ္ဏဝါဗေဒဓာတုဗေဒထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပင်ဆားလုပ်ငန်းသို့ ရောက်ရှိပြီး ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း လေဘေးသင့် ပြည်သူများအတွက် အိမ်သုံးဆားများ လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်သာအေးထံ လေဘေးသင့်ပြည်သူများ အတွက် ပင်ဆားလုပ်ငန်းရှင်များ ကိုယ်စား ဒေါ်နှင်းညွန့်က ဆားပိဿာချိန် ၁၅၀၀၀နှင့် မြန်မာ့ဆားလုပ်ငန်း ကိုယ်စား ပြည်နယ်မန်နေဂျာ ဦးဝင်းသိန်းက အိမ်သုံးဆား ဓာတ်ဆားမှုန့်ထုပ်၆၀၀၀ တို့ကို လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာရှိ အရှည်ပေ၃၀၀နှင့်အကျယ် ၁၈ပေရှိ ကိုယ့်အားကိုယ်ကိုး ကရုပ္ပိချောင်းကူးတံတား ဆောက်လုပ်သည့် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်အင်ဂျင်နီယာ ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ကိုယ့်အားကိုယ်ကိုး တံတားဆောက်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်သာအေးက လိုအပ်သည်များ မှာကြားကာ တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ရေးမြို့နယ် လမိုင်းမြို့၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး လမိုင်းမြို့အတွက် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလဟံသာဝတီကမ္မဋ္ဌာန်းကျောင်းတိုက် အတွင်း၌ သာသနာ့ဝိပုလကာရီ သိမ်ကျောင်းဆောက်လုပ်နိုင်ရန်အတွက် မတည်အလှူရှင် နှစ်ဖက်သောမိဘများအား အမျှုးထား၍ ကိုအိုက်တုံ-မနှင်းရီ၊ သမီး မစန္ဒာသိန်း၊ သား မောင်ထွန်းမြင့်၊ မောင်ဟိန်းထက်ဇော်မိသားစုက မူလဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော် ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီတော်များ ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်

နေပြည်တော် မေ ၂၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရှေးဟောင်းစေတီတော် ၃၁ဆူတွင် ပန်းလည်တိုင်စိုက်ထူပြီး ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ အခမ်းအနားကို မေ၁၉ရက် နံနက်၇နာရီမိနစ်၄၀က ပုဂံမြို့သစ် ဥဇနရပ်ကွက်ရှိ အဆိုပါစေတီများတည်ရှိရာအနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်တင်လှူပူဇော်ကာ ဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ ညောင်ဦးမြို့ မဟာဝိသုတာရာမတိုက်မှ ဘဒ္ဒန္တဥက္ကံသ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၏ ဇနီး ဒေါ်ဆွေဆွေဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါက်တာ ဒေါ်ခင်သီတာ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေနှင့်ဇနီး၊ အကြံပေးပုဂ္ဂိုလ် ဦးအုံမောင်၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ၊ အထူးဖိတ်ကြားထားသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် မန္တလေးမြို့ ဆင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသြဘာသာဘိဝံသက ကိုးပါးသီလ ချီးမြှင့်တော်မူပြီး ဆရာတော်၊ သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဧည့်သည်တော်များနှင့် အလှူရှင်များက ဆရာတော်ကြီးများထံသို့ ဌာပနာတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

အနုမောဒနာတရားနာယူ

ယင်းနောက် စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ အရှင်ဉာဏိဿရထံမှ ပရိသတ်တို့က ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။

ထို့နောက် အလှူရှင်များက ဌာပနာတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပုဂံရှေးဟောင်းစေတီတော်၃၁ဆူ နေရာအသီးသီးသို့ ပင့်ဆောင်ကြပြီး စေတီတော်အသီးသီးရှိ ဌာပနာတော်များ ထည့်သွင်းပူဇော်ကြကာ အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကြသည်။

အနေကဇာတင်

ယင်းနောက် အစီအစဉ်အတိုင်း ရွှေထီးတော်ဘုံအဆင့်ဆင့်တို့နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို ကပ်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များသည် စေတီတော်အသီးသီးတို့အား ဗုဒ္ဓါဘိသေက အနေကဇာ တင်တော်မူကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

စိုက်ပျိုးပေး

အခမ်းအနားအပြီး တိုင်းမှူးနှင့် ဇနီး၊ ဧည့်သည်တော်များက စေတီတော်များ၏ အရှေ့မြောက်(တနင်္ခွေထောင့်)ရှိ မြေကွက်လပ်တွင် အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မဟာဗောဓိညောင်ပင်တော်ကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး၊ အလှူရှင်များက ဆရာတော်ကြီးများနှင့် ညောင်ဦးမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များအား အောင်ချမ်းသာ ရှစ်မျက်နှာဘုရား ဓမ္မာရုံ၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စေတီတော် ၃၁ဆူတွင် ထီးတော်တင်လှူနိုင်ရန်အတွက် ပန်းလည်တိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်၇နာရီခွဲက အဆိုပါမဏ္ဍပ်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ တက်ရောက်၍ ပန်းလည်တိုင်ကို စိုက်ထူပေးကြသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်မြို့ရှိ စက်ရုံများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက်ဂုနာရီခွဲက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း အလုံအချိုရည်နှင့်ရေခဲစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြန်မာ့စားသောက်ကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိုက်ထွန်းက လေမုန်တိုင်းကြောင့် ပျက်စီးသွားသော အဆောက်အအုံများ ပြင်ဆင်ပြီးစီးမှုနှင့် စက်များစွမ်းအားပြည့် ပြန်လည်လည်ပတ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ် အမှတ်(၅) သန်လျက်စွန်းလမ်းရှိ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း အမှတ်(၁) ဓာတ်ငွေ့စက်ရုံသို့ လည်းကောင်း၊ သုဝဏ္ဏမြို့ရှိ မြန်မာ့ဆေးဝါးနှင့်အိမ်သုံး ပစ္စည်းလုပ်ငန်း အလှကုန်ပစ္စည်း စက်ရုံသို့လည်းကောင်း၊ သဃ်္ဃန်းကျွန်းမြို့နယ် နတ်စင်ပြွန်လမ်းရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ရော်ဘာပစ္စည်းစက်ရုံသို့ လည်းကောင်း၊ မြန်မာ့အထည်အလိပ်လုပ်ငန်း စောင်စက်ရုံ အမှတ်(၂၁)၏ စက်ပစ္စည်းများ ပြင်ဆင်ဆောင်ရွက်မှု အခြေအနေကိုလည်းကောင်း၊ မရမ်းကုန်းအထည်ချုပ်စက်ရုံ အမှတ်(၁)သို့လည်းကောင်း**(အပေါ်ပုံ)**၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆီသန့်ဆပ်ပြာကုန်ကြမ်း ဆီစက်ရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် သားဖြစ်သူ မောင်ရဲမင်းဦးအား ရည်စူး၍ တိုက်၇ အခန်း၃၀၄ ရတနာပုံလမ်း သုမင်္ဂလာအိမ်ရာ(၂) ဆယ်သိန်းရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်နေ ဦးခင်မောင်လတ်-ဒေါ်လှလှဌေး မိသားတစ်စုတို့က ငွေကျပ် ၆၂၅၀၀၀ခန့်တန်ဖိုးရှိ ရွှေထည် ပစ္စည်းများလှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များ ဖြစ်ကြသော ဦးလှမင်း၊ ဦးစိန်ဦး၊ ဦးသိန်းဦး၊ ဦးစောကြိုင်နှင့် သီဟသုဓမ္မမဏိဇောတဓရ ဦးစိုးသိမ်းတို့က လက်ခံယူကြပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

22-5 (11).pmd 1 5/22/2008, 2:17 AM

ပြန်လည်ထူထောင်ရေးပစ္စည်းများဖြင့် အိမ်ဆောက်ပစ္စည်းများကို မြို့နယ်တာဝန်ရှိသူများက ဤသို့ ဖြန့်ဝေပေးနေသည်။ (မြန်မာ့အလင်း)

တယ်လီဖုန်းရုံး ပြန်လည်ဖွင့်လှစ်

ဖျာပုံမြို့တွင် တယ်လီဖုန်းဆက်သွယ်ရေးလွယ်ကူစေရန်အတွက် အများပြည်သူသုံး တယ်လီဖုန်းရုံးများကို ဤသို့ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ (မြန်မာ့အလင်း)

အိမ်များပြန်မိုးနေ

မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသော အိမ်အမိုးများကို နိုင်ငံတော်က ထောက်ပံ့ပေးသောသွပ်များဖြင့် မိုးနေကြစဉ်။ (မြန်မာ့အလင်း)

ဖျာပုံမြို့နယ်၌ လဲကျနေသော ဓာတ်တိုင်များကို လျှပ်စစ်ဝန်ထမ်းများက ဤသို့ ပြန်လည်စိုက်ထူခဲ့ကြသည်။ (မြန်မာ့အလင်း)

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော ဧရာဝတီတိုင်း

ဧရာဝတီတိုင်း ဖျာပုံမြို့သည် မုန်တိုင်းဒဏ်ခံရပြီး အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သော်လည်း ရက်ပိုင်းအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ခဲ့သည်။

သစ်ပင်များ အမြန်ဆုံးရှင်းလင်း

ပထမဦးစွာ လမ်းများပေါ်တွင် လဲကျပိတ်ဆို့နေသော သစ်ပင်များကို အမြန်ဆုံးရှင်းလင်းခဲ့ပြီး မြို့နေပြည်သူများ သွားလာရေးလွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် ပြည်သူများက ပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။

ဓာတ်တိုင်များပြန်လည်စိုက်ထူ

ထို့အပြင် လဲကျနေသော ဓာတ်တိုင်များကို လျှပ်စစ်ဝန်ထမ်းများက နေ့စဉ် မိုးရွာရွာ၊ နေပူပူ မရပ်မနား ကြိုးစားဆောင်ရွက်နေလျက်ရှိရာ ဖျာပုံမြို့တွင် ဓာတ်တိုင်များ ပြန်လည်စိုက်ထူမှုလုပ်ငန်းမှာလည်း သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် လုပ်ဆောင်နေပြီဖြစ်သည်။

ဖျာပုံမြို့နေ ပြည်သူများကလည်း မိမိတို့နေအိမ်များကို နိုင်ငံတော်က ထောက်ပံ့ပေးသော အိမ်ဆောက်ပစ္စည်းများဖြင့် ပြင်ဆင်တည်ဆောက်နေသည်ဖြစ်ရာ အိမ်အမိုးများကို သွပ်အသစ်များဖြင့် မိုးထားနိုင်နေပြီဖြစ်သည်။

သတင်းခရီးသည် မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ တင်စိုး (မြန်မာ့အလင်း)

ဖျာပုံပြည်သူ့ဆေးရုံကြီးအမိုးများ ပြန်လည်မိုးပြီးသွားသည်ကို ဤသို့တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဖျာပုံမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီ

ကွင်းဆင်းလေ့လာမေးမြန်းသူ - မောင်မောင်မြင့်ဆွေ   ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)   စာမျက်နှာဖွဲ့စည်းမှု - ထိန်လင်း

ရန်ကုန် မေ ၂၁

မကြာမီကတိုက်ခတ်ခဲ့သော မုန်တိုင်းဒဏ်ကို မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့ရွာများ အများဆုံးခံစားခဲ့ရသည်။ နိုင်ငံတော်က မြစ်ဝကျွန်းပေါ်ဒေသရှိ မုန်တိုင်းဒဏ်ခံခဲ့ရသော နေရာဒေသများအား အနီးကပ်ကြီးကြပ်ကာ လိုအပ်သော ထောက်ပံ့ကူညီမှုများကို ပေးလျက်ရှိသလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက် ရှိနေသည်။

အခုအချိန်မှာတော့ ပြန်လည် ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါပြီ။

ဦးအောင်ဇော်ဝင်း ဖျာပုံမြို့နယ် လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးမှ တာဝန်ရှိသူ။

မုန်တိုင်းဒဏ် ခံစားခဲ့ရသည့် ဧရာဝတီတိုင်း ဖျာပုံမြို့သို့ သတင်းအဖွဲ့ရောက်ရှိချိန်၌ မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိသည်။ မိုးရွာသည့်အချိန်၌ပင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ကိုင်နေကြသည်ကို တွေ့ရသည်။ ဖျာပုံမြို့အဝင်ရှိ လေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံးသို့ ဝင်ရောက်ကာ ဖျာပုံမြို့နယ် လေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးမှ တာဝန်ရှိသူ တစ်ဦးဖြစ်သူ ဦးအောင်ဇော်ဝင်းနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို မေးမြန်းရာ **"မုန်တိုင်းဒဏ်ကို ဖျာပုံမြို့လဲ ခံခဲ့ရတာပါပဲ၊ အခုအချိန်မှာတော့ ပြန်လည် ထူထောင်ရေး လုပ်ငန်းတွေ လုပ်ဆောင်နေပါပြီ၊ ဆေးရုံ၊ စာသင်ကျောင်းနဲ့ အခြားအစိုးရအဆောက်အအုံတွေအပါအဝင် ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အား ရရှိရေး စတဲ့လုပ်ငန်းအတော်များများတော့ လုပ်ဆောင်နေပါပြီ၊ စာသင်ကျောင်း တွေဆိုရင်လဲ ဇွန်လဆန်း ကျောင်းတွေ ပြန်ဖွင့်အမီမှာ ပြီးစီးနေမှာ ဖြစ်ပါတယ်။ မြို့တွင်းလမ်းတွေဆိုရင် အကုန်ရှင်းလင်းပြီး ဖြစ်သလို မော်တော်ယာဉ်သွားလာမှုလဲ အဟန့်အတားမရှိတော့ပါဘူး။ ကျန်းမာရေးဆိုရင် ပြည်တွင်းက ကျန်းမာရေးအဖွဲ့တွေအပါအဝင် အိန္ဒိယနိုင်ငံက ကျန်းမာရေး အကူအညီပေးအဖွဲ့တွေကလဲ ပူးတွဲဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ကူးစက်ရောဂါဖြစ်ပွားမှု မရှိအောင်ကျေးရွာတွေအထိကွင်းဆင်း ကြည့်ရှုစစ်ဆေးပေးနေတယ်။ လေဘေးဒဏ်ခံရတဲ့ ဒေသခံတွေအတွက်လည်း သွပ်၊ သစ်နဲ့ ဆောက်လုပ်ရေး ပစ္စည်းတွေ စနစ်တကျ ပေးဝေနေပါတယ်"** ဟု ဦးအောင်ဇော်ဝင်းက ပြောပြသည်။

ရန်ကုန်ကို ဖုန်းပြောနေတာပါ။ ဖုန်းလိုင်းလည်း အရင်လို ကြည်လင်ပါတယ်။ ဒေါ်ရီရီအေး

နိုင်ငံတော်က သွပ်အချပ် ၇၀ ပေးလို့ ပြန်မိုးပြီးပါပြီ။

ဦးလှဌေး (၁၇)ရပ်ကွက် ချောင်းတွင်းလမ်း ဖျာပုံမြို့။

ဖျာပုံမိုးက ရွာကောင်းဆဲမှာပင် ကွပ်ကဲရေးရုံးမှ ထွက်ပြီး ဖျာပုံပြည်သူ့ဆေးရုံကြီးဘက် ထွက်ခဲ့သည်။ လမ်းတစ်လျှောက် အိုးအိမ်အမိုးများ ပွင့်ထွက်နေသည်ကို သွပ်များ ပြန်လည်မိုးနေမှုများ၊ ပျက်စီးသွားသော အိုးအိမ်များကို အသစ်ပြန်လည်တည်ဆောက်နေသူများကို မိုးရွာနေသည့် ကြားမှ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ အိမ်များ၊ အဆောက်အအုံများတွင် သွပ်အသစ် အရောင်များကို နေရာတိုင်း၌ တွေ့ရသည်။

ဖျာပုံပြည်သူ့ဆေးရုံကြီး၌ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသီသီဝင်းနှင့်တွေ့ဆုံရာ **"ဖျာပုံပြည်သူ့ဆေးရုံကြီးလဲ လေဘေးဒဏ် အထိုက်အလျောက်တော့ ခံရပါတယ်၊ အခုဆိုရင် အမိကလူနာဆောင် နှစ်ဆောင် ပြင်ဆင်ပြီးပါပြီ၊ အမိုးတွေလဲ ပြန်မိုးပြီး ဖြစ်ပါတယ်။ လျှပ်စစ်မီး၊ သုံးရေ၊ သောက်ရေတွေကအစ ပုံမှန်ရနေပါပြီ၊ လိုအပ်တဲ့ ပြင်ဆင်မှုတွေလဲ ပြုလုပ်နေပါတယ်။ မကြာခင်မှာ ပြီးစီးသွားမှာပါ"**ဟု ရှင်းပြသည်။ ဆေးရုံအမိုးများကို ဆောက်လုပ်ရေး အဖွဲ့များက အင်တိုက်အားတိုက်ပြန်လည် မိုးပေးနေလျက်ရှိသည်ကို တွေ့ရသည်။

ထို့နောက် မိုးထဲရေထဲမှာပင် ဆက်သွယ်ရေးတိုင်များ ထောင်ကာ ဆက်သွယ်ရေးကြိုးများ ချိတ်ဆက်နေသော ဝန်ထမ်းများကိုလည်း တွေ့ရသည်။ ဆက်သွယ်ရေးစနစ် ပြန်လည်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်နေသော ဖျာပုံမြို့မှ လက်ထောက်အင်ဂျင်နီယာ ဦးစိုးမြင့် (ပြည်ပဆက်သွယ်ရေး)နှင့် တွေ့ဆုံရာ **"မုန်တိုင်းဒဏ်ကြောင့် ဆက်သွယ်ရေးခေတ္တ ပြတ်တောက်သွားတယ်။ ဒါပေမယ့် ပါဝါကေဘယ်လ်ကြိုး ရေထဲကျနေတဲ့အပိုင်းကို ဖြတ်ပြီး ပြန်ဆက်ခဲ့တာရယ်၊ ရန်ကုန်ရုံးချုပ် ပြည်ပဆက်သွယ်ရေးကလဲ ကေဘယ်လ်လိုင်းပြတ်တောက်မှုကို အမြန်ရှာဖွေပြီး ပြန်ဆက်နိုင်ခဲ့တာကြောင့် မေ၆ရက် နံနက် ၁၀နာရီ ၄၅မိနစ်မှာ ဆက်သွယ်ရေးလမ်းကြောင်းပြန်ပွင့်သွားပါတယ်။ ယာယီဆက်သွယ်ရေး တာဝါတိုင်ထူနိုင်ခဲ့တာကြောင့် စီဒီအမ်အေ ဖုန်းတွေ အခုဆိုရင် ရာနှုန်းပြည့် ပြန်ကောင်းသွားပါပြီ။ လောလောဆယ်မှာ အများပြည်သူသုံး တယ်လီဖုန်းတွေ ဖျာပုံမြို့အနှံ့ အလုံး၃၀ချထားပေးနိုင်ခဲ့လို့ ပြည်သူတွေ ဆက်သွယ်ရေးလဲ အဆင်ပြေသွားပြီ ဖြစ်ပါတယ်"** ဟု ရှင်းပြသည်။

ဖျာပုံမြို့မဈေး အရှေ့ရှိ အများပြည်သူသုံး တယ်လီဖုန်း၌ ဖုန်းဆက်နေသူ ဒေါ်ရီရီအေးဆိုသူအား မေးမြန်းရာ **"အခုရန်ကုန်ကို ဖုန်းပြောနေတာပါ။ ဖုန်းလိုင်းလဲ အရင်လို ကြည်လင်ပါတယ်။ အချိန်အခါမရွေးဆက်လို့လဲ ရတယ်။ တယ်လီဖုန်းပြောဆိုခ နှုန်းထားလဲ အရင်အတိုင်းပါပဲ။ အခက်အခဲ မရှိပါဘူး"**ဟု ဖြေကြားသည်။ ဖျာပုံမြို့ နေရာအနှံ့တွင် အများပြည်သူသုံး တယ်လီဖုန်းရုံလေးများ၌ ဆက်သွယ်ပြောဆိုနေသူများကို တွေ့ရသည်။

ထို့နောက် ဖျာပုံမြို့အတွင်း အိုးအိမ် အမိုးမိုးနေသူများ၊ အိမ်များ ပြန်လည် ဆောက်လုပ်နေသူများကို လမ်းတိုင်းနီးပါး မြင်တွေ့ရသည်။ အိမ်များ မမိုး၍ မဖြစ်၊ ဖျာပုံ၌ နေ့တိုင်း မိုးရွာသည်။ တစ်ခါတစ်ရံ လေက တိုက်သည်။

ဖျာပုံမြို့အတွင်း ပြန်လည်ထူထောင်မှုများကို မိုးရွာထဲလိုက်ကြည့်ရင်း ၁၇ရပ်ကွက် ချောင်းတွင်းလမ်းရှိ အိမ်အမှတ် ၁၀၈၌ သွပ်အသစ်များ မိုးထားသည်ကို တွေ့၍ ဝင်ရောက်မေးမြန်းရာ အိမ်ရှင် ဦးလှဌေးက **"မုန်တိုင်းကြောင့် ကျွန်တော့် အိမ်အမိုးတွေ ပွင့်ထွက်ပြီး ပျက်စီးသွားတယ်။ အိမ်ပေါ် သစ်ပင်လဲကျလို့ ပျက်စီးမှုများပါတယ်။ အခုနိုင်ငံတော်က သွပ်အချပ် ၇၀ပေးလို့ ပြန်မိုးပြီးပါပြီ။ ဒါကြောင့် လုံလုံခြုံခြုံရှိနေပြီ ဖြစ်ပါတယ်"** ဟု ပြောပြသည်။

မုန်တိုင်းဒဏ်ကို ခံစားခဲ့ရသော ဖျာပုံမြို့မှာ ပြန်လည် ထူထောင်ရေး လုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်လျက်ရှိနေရာ မကြာမီကာလအတွင်း ပုံမှန် အနေအထားသို့ ပြန်လည်ရောက်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ဆက်သွယ်ရေး ကြိုးများ ချိတ်ဆက်နေသော ဝန်ထမ်းများကို တွေ့ရစဉ်။

ပျက်စီးသွားသော အိုးအိမ်များကို အသစ်ပြန်လည် တည်ဆောက် ပြုပြင်နေကြသည်ကို ဤသို့တွေ့ခဲ့ရသည်။

မုန်တိုင်းဒဏ်ကို ဖျာပုံမြို့လဲ ခံခဲ့ရတာပါပဲ၊ အခုအချိန်မှာတော့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါပြီ၊ ဆေးရုံ၊ စာသင်ကျောင်းနဲ့ အခြားအစိုးရအဆောက်အအုံတွေ အပါအဝင် ဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး စတဲ့ လုပ်ငန်း အတော်များများတော့ လုပ်ဆောင်နေပါပြီ၊ စာသင်ကျောင်းတွေ ဆိုရင်လဲ ဇွန်လဆန်း ကျောင်းတွေ ပြန်ဖွင့်အမီမှာ ပြီးစီးနေမှာ ဖြစ်ပါတယ်။

ဖျာပုံပြည်သူ့ဆေးရုံကြီး အမိုးများကို ဆောက်လုပ်ရေးအဖွဲ့များက အင်တိုက်အားတိုက် အပြီးသတ် ပြန်လည်မိုးပေးလျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။

ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်အား ပါတီဝင်အများစု သမ္မတရွေးကောက်ပွဲ ဆက်လက်ယှဉ်ပြိုင်ရန်ထောက်ခံ

ဝါရှင်တန် မေ ၂၁

အထက်လွှတ်တော်အမတ် အိုဘားမား သမ္မတရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်သမ္မတလောင်းအဖြစ် ရွေးချယ်ခံရလျှင် ပြိုင်ဘက်အထက်လွှတ်တော်အမတ် ဟီလာရီကလင်တန်ကို သူနှင့်အတူ အမည်စာရင်းထည့်သွင်းယှဉ်ပြိုင်ရမည့် ဒုတိယသမ္မတလောင်းအဖြစ် ရွေးချယ်သင့်ကြောင်း ဒီမိုကရက်တစ်ပါတီဝင်အများစုက လိုလားနေကြသည်။

ဒီမိုကရက်တစ်ပါတီဝင်များနှင့် ပါတီလိုလားသူ ၁၀၁၇ဦးတို့၏ သဘောထားစစ်တမ်း၌ ထိုသို့ဖြစ်စေသင့်သည်ဟု ယူဆသူ ၅၅ ရာခိုင်နှုန်းရှိကြောင်း ဂေါလပ်ပြည်သူ့သဘောထားစစ်တမ်း ကောက်ယူမှုတွင် ပြသလျက်ရှိသည်။

သဘောတူ

ဟီလာရီအား ဒုတိယသမ္မတလောင်းနေရာတွင် တွဲဖက်ယှဉ်ပြိုင်ရေးကို အိုဘားမားထောက်ခံသူ ၄၃ ရာခိုင်နှုန်းက သဘောတူပြီး ဟီလာရီ ထောက်ခံသူ ၇၅ ရာခိုင်နှုန်းက သဘောတူသည်ဟုဆိုသည်။

မဲဆွယ်စည်းရုံး

ဟီလာရီနှင့် အိုဘားမားတို့ အကြိတ်အနယ် မဲဆွယ်စည်းရုံးနေကြသော်လည်း ပြည်နယ်အကြိုရွေးကောက်ပွဲများမှာ ယခုအခါ လေးပြည်နယ်သာကျန်သည်။

သို့သော် ဟီလာရီအား ပြိုင်ပွဲမှထွက်သင့်သည်ဟု ဒီမိုကရက်တစ်ပါတီဝင် ၃၅ ရာခိုင်နှုန်းကသာ လိုလားသော်လည်း ၅၅ ရာခိုင်နှုန်းကမူ ဟီလာရီအနေဖြင့် အိုဘားမားနှင့် ဆက်လက် ယှဉ်ပြိုင်သင့်ကြောင်း အဆိုပါ ပြည်သူ့သဘောထားစစ်တမ်းတွင် ဖော်ပြထားသည်။

ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်

ဟီလာရီအား ပြိုင်ပွဲမှထွက်ရန် ပြောဆိုကြသော်လည်း ဟီလာရီကလင်တန်သည် မေ ၂၀ရက်က ပြုလုပ်သည့် ကင်တပ်ကီပြည်နယ် အကြိုရွေးကောက်ပွဲတွင် အနိုင်ရမည်ဟု အပိုင်တွက်ထားကြသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ နာဆာအာကာသစခန်းမှ နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်မည့် ဒစ္စကာဗာရီလွန်းပြန်ယာဉ်ကို မေ ၂၀ ရက်ကတွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဆာဒါးစီးတီး၌ ပြည်သူ့စစ်များနှင့် တိုက်ပွဲဖြစ်ပွား ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၁

ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်း ဆာဒါးစီးတီးဒေသ၌ အမေရိကန်ထောက်ခံသည့် အီရတ်လုံခြုံရေးတပ်များနှင့် ရှီးယိုက်ပြည်သူ့စစ်တို့အကြား တိုက်ခိုက်မှုဖြစ်ပွားသဖြင့် ခြောက်ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရသွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်က မေ ၁၉ ရက်တွင် ပြောကြားသည်။

ပြောကြား

မေ ၁၉ ရက်နံနက်စောစောပိုင်းက မြို့စွန်ရှိ နေအိမ်တစ်လုံးကို စိန်ပြောင်းဖြင့် သုံးကြိမ်အပစ်ခံရစဉ် နှစ်ဖက်အင်အားစုတို့အကြား တိုက်ပွဲများဖြစ်ပွားကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

ပျက်စီးသွား

ပြည်သူ့စစ်တို့ ခြေကုပ်ယူထားသည့်နေရာမှ လူနေအိမ် သုံးလေးလုံး ပျက်စီးသွားသည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူကရိန်းနိုင်ငံ ဒဗလျူတီအို အဖွဲ့ဝင်ဖြစ်လာ

ကီးယက် မေ ၂၁

ဆယ်နှစ်ကျော်ကြာ စေ့စပ်ညှိနှိုင်းပြီးနောက် ယခုအခါတွင် ယူကရိန်းနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)၏ ၁၅၂ နိုင်ငံမြောက်အဖြစ် မေ ၁၆ ရက်က အဖွဲ့ဝင်နိုင်ငံဖြစ်သွားပြီဟုသိရသည်။

ပြုပြင်ပြောင်းလဲ

ဒဗလျူတီအို၏စံနှုန်းများနှင့် ကိုက်ညီစေရန် ယူကရိန်းနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှု အများအပြားကို အကောင်အထည်ဖော်ခဲ့ရသည့်အပြင် ဥပဒေပေါင်း ၅၀ ကျော်ကို ပြင်ဆင်ပြဋ္ဌာန်းခဲ့ရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကော်စတာရီကာမှ ဆီအုန်းစေ့များ အင်ဒိုဝယ်ယူမည်

ဂျကာတာ မေ ၂၁

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းလိုအပ်ချက်များအရ ဆီအုန်းစေ့ သန်း ၃၀ ကို ကော်စတာရီကာနိုင်ငံမှ တင်သွင်းရန်စီစဉ်လျက်ရှိသည်။

ထုတ်လုပ်

ယခုနှစ်အတွင်း အင်ဒိုနီးရှား အနေဖြင့် ဆီအုန်းစေ့ သန်း ၂၃၀ လိုအပ်လျက်ရှိသော်လည်း ဒေသတွင်း ထုတ်လုပ်သူများအနေဖြင့် ဆီအုန်းစေ့ သန်း ၁၆၀ ကိုသာ ထုတ်လုပ်ပေးနိုင်သည့်အတွက် ပြည်ပမှမှာယူတင်သွင်းရခြင်း ဖြစ်သည်။

ထိန်းချုပ်

အင်ဒိုနီးရှားနှင့် မလေးရှားနှစ်နိုင်ငံသည် ကမ္ဘာ့ဆီအုန်းဈေးကွက်၏ ၈၀ ရာခိုင်နှုန်းကို ထိန်းချုပ်ထားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေး

ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးများဆွေးနွေး

မော်စကို မေ ၂၁

အနာဂတ် ကာလတွင် နိုင်ငံအချင်းချင်း ဖွံ့ဖြိုး တိုးတက်မှုများ ပူးတွဲ ဆောင်ရွက်နိုင်ရေးအတွက် တရုတ်၊ ရုရှား၊ အိန္ဒိယနှင့် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးများက ရုရှားနိုင်ငံ အူရယ်လ်မြို့၌ မေ ၁၇ ရက်က တွေ့ဆုံဆွေးနွေးကြသည်။

သဘောတူ

ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့တွင် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင်လည်း နီးနီးကပ်ကပ် လက်တွဲဖြေရှင်းသွားကြရန် အဆိုပါလေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူညီခဲ့ကြသည်။

ပူးတွဲဆောင်ရွက်

ထို့အပြင် အကြမ်းဖက်မှု တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး မှောင်ခိုရောင်းဝယ်မှုများ နှိမ်နင်းရေး၊ နိုင်ငံတကာလုံခြုံရေး ကိစ္စရပ်များတွင် အတူတကွ ပူးတွဲဆောင်ရွက်သွားကြရန်လည်း ဆွေးနွေးခဲ့ကြသည်။

ဆုံးဖြတ်

အဆိုပါလေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၀၉ ခုနှစ်၌ အိန္ဒိယနိုင်ငံတွင် ဆက်လက်ကျင်းပရန်လည်း ၄င်းဆွေးနွေးပွဲ၌ ဆုံးဖြတ်ခဲ့ကြသည်ဟု အဆိုပါသတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

အကြောင်းမဲ့ ရက်စက်သည်၏နောက်ဝယ်

ဝါရင်တန်မြို့ကလေးသည်ဗြိတိန်နိုင်ငံ အနောက်မြောက်ပိုင်း ချီရှိုင်းယားနယ်ရှိ စီရင်စုမြို့ဖြစ်ပြီး အတန်အသင့်စည်ကားလှသော မြို့ကလေးတစ်မြို့ဖြစ်သည်။လူဦးရေလေးသိန်းကျော်နေထိုင်ပြီး မာဆေးမြစ်ကမ်းပါးရှိ မြစ်ဆိပ်ကမ်း မြို့ကလေးဖြစ်သည်။

ကရစ်ဒေါ် နှင့် ရိုင်ယန်ပါလင်

ချစ်ခင်ရင်းနှီး

ဝါရင်တန်မြို့ အော်ဖို့ဒ်အရပ်တွင် ရိုင်ယန်ပါလင်နေထိုင်ပြီး ရန်ကွန်းအရပ်တွင် ကရစ်ဒေါ့ နေထိုင်သည်။ သူတို့နှစ်ဦးသည် အိမ်နီးနားချင်းများ မဟုတ်ကြပေ။ ကရစ်ဒေါ့ ပညာသင်ကြားရာကျောင်းတွင် ရိုင်ယန်ပါလင်လည်း ပညာသင်ကြားခဲ့သည်။ ကရစ်ဒေါ့သည် ရိုင်ယန်ပါလင်ထက် အသက်နှစ်နှစ်ကြီးသကဲ့သို့ အတန်းလည်း နှစ်တန်းကြီးသည်။ သို့သော်လည်း သူ၏ဆိုးပေပြီး စာမကြိုးစားမှုကြောင့် စာမေးပွဲကျရှုံးကာ အတန်းငယ်သူ ရိုင်ယန်ပါလင်က သူ့အား မီလာလေသည်။ ထိုမှ အစပြုကာ ဝါသနာတူသူ သူတို့နှစ်ဦးသည် ငယ်ပေါင်းကြီးဖော်များသဖွယ် ချစ်ခင်ရင်းနှီး သွားကြသည်။

ဖြစ်ပွားစေခဲ့

ကရစ်ဒေါ့နှင့် ရိုင်ယန်ပါလင်တို့နှစ်ဦးစလုံးပင်မိဘများမှာကြေးရတတ် လူချမ်းသာများ ဖြစ်ကြသည်။ မိဘများက သူတို့အားပညာတတ်များဖြစ်ရုံသာမက လိမ္မာယဉ်ကျေး ရည်မွန်သော လူငယ်များဖြစ်စေချင်ကြသည်။ သို့သော်လည်း သူတို့နှစ်ဦးစလုံး မိဘများ၏ ဆန္ဒကို မဖြည့်ဆည်းပေးခဲ့ကြပေ။ သူတို့၏ဆန္ဒအတိုင်း လွတ်လပ်စွာ နေထိုင်ကြသည်။ မိဘများမှာ စီးပွားရေးဘက်တွင် လုံးပန်း နေရသဖြင့် သူတို့နှစ်ဦးအား အချိန်ပြည့် မကြပ်မတ်နိုင်ခဲ့ပေ။ ထို့ကြောင့်လည်း သူတို့နှစ်ဦးအတွက် စိတ်ထင်တိုင်းကြဲကာ ဆိုးသွမ်းချင်တိုင်း ဆိုးသွမ်းရန်အခွင့်အရေး သာနေခဲ့တော့သည်။ ထိုသို့ အခွင့်အရေးသာခဲ့ခြင်း ကပင် သူတို့နှစ်ဦး အမှားကြီး တစ်ခုကို ကျူးလွန်ရန် တွန်းအားပေးသကဲ့သို့ ဖြစ်ရပ်ကို ဖြစ်ပွားစေခဲ့တော့သည်။

ခံမင်

သူတို့နှစ်ဦးသည် မြို့တွင်းမှ ပြန်လည် ခုခံနိုင်စွမ်းမရှိသည့် လမ်းသွားလမ်းလာများအား ထိုးကြိတ်ရိုက်နှက်ကန်ကျောက်ခြင်းများကို ပြုလုပ်ခဲ့ကြသည်။ ထိုသို့သော အမှုများကို ကြိုလျှင်ကြိုသလို ကျူးလွန်ခဲ့ကြသော်လည်း အရောင်အတိမ်းကောင်းမှုကြောင့် ဖမ်းဆီး အရေးယူခံရခြင်း မရှိခဲ့ပေ။ ထို့ကြောင့် သူတို့နှစ်ဦးသည် အကြမ်းဖက်မှုကို ခံမင်ကာ လက်ယဉ်လာခဲ့တော့သည်။

အကြမ်းဖက်မှုတွင် လက်ရဲဇက်ရဲရှိလာသော ကရစ်ဒေါ့နှင့် ရိုင်ယန်ပါလင်တို့သည် ၂၀၀၆ခုနှစ် မေလ၏ ညတစ်ညတွင်မူ သူတို့နေထိုင်ရာ ဝါရင်တန်မြို့ဟောင်လေအရပ်စိန်ကက်သရင်းလမ်းမပေါ်ရှိ အသက် ၄၀ အရွယ်၊ အက်ဟာ တန်ဆိုသည့် အမျိုးသားတစ်ဦး၏ အိမ်ကို ဖောက်ထွင်းဝင်ရောက်ကာ ၄င်း၏ဆံပင်ကိုမီးရှို့ခြင်း၊ မျက်နှာအား နံရံသုတ်ဆေးများ လိမ်းကျံခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ထို့နောက် သူတို့နှစ်ဦးသည် အက်ဟာတန်အား သေလုမြောပါး ရိုက်နှက်ကာ မာဆေး မြစ်အတွင်းသို့ ပစ်ချခဲ့သည်။ အက် ဟာတန်အား သူတို့နှစ်ဦး သစ်သားချောင်းဖြင့် ရိုက်နှက်သည်ကို အိမ်နီးချင်းများက မြင်တွေ့ခဲ့ကြသည်။ ထိုပြစ်မှု ကျူးလွန်စဉ်က ကရစ်ဒေါ့သည် ၁၆နှစ်သာရှိသေးပြီး ရိုင်ယန် ပါလင်မှာ ၁၄ နှစ်သာရှိသေးသည်။

ပြစ်ဒဏ်ချမှတ်

သူတို့နှစ်ဦးသည် ကိုယ့်ကြမ္မာကိုယ်ဖန်သည်ဟုပင် ဆိုရပေမည်။ အက်ဟာတန်အား သူတို့ပြုမူခဲ့သမျှကို ၄င်းတို့၏ သူငယ်ချင်းများအား ပြန်လည်ကာ ဂုဏ်မယူသင့်သည်ကို ဂုဏ်ယူကြွားဝါပြောဆိုရာမှတစ်ဆင့်ရဲတပ်ဖွဲ့က မြစ်အတွင်းပေါ်နေသော အက်ဟာတန်၏ အလောင်းနှင့်ပတ်သက်ပြီး ၄င်းတို့ကို ခြေရာခံမိသွားတော့သည်။ ၄င်းတို့နှစ်ဦးအား တရားရုံးက အစပိုင်းတွင် တစ်သက်တစ်ကျွန်း ထောင်ဒဏ် အပြစ်ပေးမှုကို တရားရုံးချုပ်က ပယ်ဖျက်ကာ ၂၀၀၇ ခုနှစ် ကုန်ပိုင်းတွင် အသက် ၁၇ နှစ်အရွယ်ရှိ ကရစ်ဒေါ့အား ထောင်ဒဏ်သုံးနှစ်ခွဲနှင့် အသက် ၁၅ နှစ်အရွယ်ရှိ ရိုင်ယန်ပါလင်အား ထောင်ဒဏ်သုံးနှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

ဆုံးရှုံး

ယခုဖြစ်ရပ်တွင် အပြစ်မဲ့သူ အက်ဟာတန်မှာ ကရစ်ဒေါ့နှင့် ရိုင်ယန်ပါလင်တို့၏ လက်ချက်ဖြင့် ဘဝပျက် အသက်ဆုံးရှုံး ခဲ့ရသည်။ ထို့ကြောင့် အကြောင်းမဲ့ ရက်စက်သည်၏နောက်ဝယ် တရားဥပဒေရှိနေသဖြင့် ဇာတ်သိမ်းမလှခဲ့ရသော ကရစ်ဒေါ့နှင့် ရိုင်ယန်ပါလင်တို့၏ အဖြစ်ကို သင်ခန်းစာ ယူဖွယ်ရာ အဖြစ် ရေးသားဖော်ပြ လိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ပဲခူးမြို့ စိန်ထွန်းရပ် နတ်သျှင်နောင်လမ်း အမှတ်(၂၅)နေ ဦးအုန်းမောင်အား ရည်စူး၍ ဒေါ်အုန်းနှင့်သမီးဒေါ်ဝင်းရီ၊ ဒေါ်ရီ၊ ဒေါ်နုမိသားစုက ကြေးပြားလေးချပ်၊ အလုံမြို့နယ် သစ်တောလမ်း ကိုယ်ပိုင်လျှပ်စစ်ဝင်းအမှတ်(၁၀၅)နေ ဦးတင်မောင်ထွန်း(အင်ဂျင်နီယာချုပ် MEPE) မွေးနေ့၊ သားဗိုလ်ကြီးဇင်ဝင်းမင်း၊ ဗိုလ်ဝင်းသန့်၊ မောင်သီဟ မိသားစုက ကြေးပြားလေးချပ် စုစုပေါင်းကြေးပြားရှစ်ချပ်အတွက် တန်ဖိုးငွေကျပ် ၂၀၈၀၀၀ကို ကြေးပိဋကတ်တော်ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)ထံ လာရောက် လှူဒါန်းကြရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က-ပ)

ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရွှေတောင် မေ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၈ရက်က ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာပြီး၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သည့် တည်ဆောက် ပြုပြင်ရေးလုပ်ငန်းများ၊ လမ်းတံတားများနှင့်မြို့စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် မြို့ပြလမ်းများဖြစ်သော ကပ်တန်းလမ်း ၆၃၅ ပေ× ၁၀ပေ၊ စိန်ဇရပ်လမ်း ပေ ၅၀၀× ၁၂ပေ၊ သဲတန်းလမ်း ပေ၅၇၀×၁၂ပေ ကတ္တရာခင်းရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန် တောင်ပိုင်းခရိုင် သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် ဝိဇ္ဇာလမ်း မူလ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက်အတွင်း သာသနာ့ဝိပုလကာရီသိမ်ကျောင်း ဆောက်လုပ်နိုင်ရန်အတွက်မတည်အလှူရှင်ဖြစ်သော နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုထွန်းဝင်း - မနွဲ့သန္တာချစ် မိသားစုက မူလ ဟံသာဝတီ ကမ္မဋ္ဌာန်းကျောင်းတိုက် ဆရာတော်ဦးနန္ဒပါလ(ယော)ထံ အလှူငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ဧပြီ၂၇ရက်က မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန်အောင်ဝင်းစိန် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၂၀တို့ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ဆံတော်ရှင် ဦးဇိနစေတီတော်မြတ်ကြီးပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး လုပ်အားဒါနပြုကြစဉ်။ (ဝ၁၄)

စာအောင်သံဃာတော်များအား လှိုင်လင်၌ အောင်လက်မှတ်နှင့် ဝတ္ထုငွေဆက်ကပ်

လှိုင်လင် မေ ၁၀

လှိုင်လင်မြို့ မြို့လယ်ကျောင်းတိုက်၌ ၂၀၀၇ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် စာအောင် သံဃာတော် ၁၂၅ ပါးအား စာအောင် ဆုလက်မှတ်များ ဆက်ကပ်လှူဒါန်း၍ ချီးမြှင့်နှင်းသဘင် အခမ်းအနားကို ဧပြီ ၆ရက်က ကျင်းပသည်။

ဆက်ကပ်

အခမ်းအနားတွင် စာအောင်သံဃာတော်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင်ငွေး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ငွေး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသက်နိုင်ဦး၊ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စာအောင် သံဃာတော်များအား စာအောင် လက်မှတ်များနှင့် လှူဖွယ်ဝတ္ထုငွေကျပ် ၉၂၉၃၀၀ကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များ တက်ရောက်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

နွားထိုးကြီး၌ လုပ်အားဒါနပြုပွဲနှင့် ရွှေသက်န်းကပ်လှူ

နွားထိုးကြီး မေ ၁၂

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် မေ ၅ရက်က နွားထိုးကြီးမြို့ အရန်မီးသတ်တပ်ခွဲမှူး ဦးလှခိုင်နှင့် ဒုတပ်ခွဲမှူး ဦးတင်ထွန်းတို့ ဦးစီးသော မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရှင်ပင်သာဒွန်းဦး ဘုရားဝင်းတွင် သန့်ရှင်းရေး လုပ်အားဒါနပြုကြပြီး ရွှေသင်္ကန်းကပ်လှူကြသည်။ (ဝ၉၂)

မီးသတ်တပ်ဖွဲ့နေ့ အမှာစကားပြောကြား

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ၅ရက်က ရွှေဘိုမြို့ မီးသတ်ဦးစီးဌာန၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစန်းဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

အမှိုက်များသိမ်းဆည်း

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့တွင်းလမ်းဘေးဝဲယာနှင့်ရပ်ကွက်များအတွင်း အမှိုက်များ စနစ်တကျသိမ်းဆည်းဆောင်ရွက်မှုအခြေအနေကို ဧပြီ ၃၀ရက်က ဒုတိယဦးစီးမှူး(သန့်) ဦးစန်းလွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဧပြီ ၂၆ရက်က မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးမှူးဖွင့်လှစ်သော ပန်းပွင့်၊ ပန်းခိုင်နှင့် ပန်းအလှထိုးနည်း သင်တန်းတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စောဝေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုးနီနီလွင်တို့က သရုပ်ပြကြီးကြပ်ဆောင်ရွက်စဉ်။ (ခရိုင် ပြန်/ဆက်)

ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ချင်းတွင်းမြစ်ရေ သောက်သုံးရန် ဖြန့်ဝေ

ရေစကြို မေ ၁၆

မကွေးတိုင်း စည်ပင်ညွှန်ကြားရေးမှူး ဦးစန်းမော်ခင်နှင့် တာဝန်ရှိသူများ မေ၉ရက်က ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုးနှင့်အတူ မြို့ပေါ်သန့်ရှင်းကြည်လင်သော ချင်းတွင်းမြစ်ရေ သောက်သုံးမှု ပေးဝေခြင်းလုပ်ငန်းများနှင့် ရေစကြိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကြီးငယ်သစ်ပင် ပန်းမန်မျိုးစုံ စိုက်ပျိုးထားသော ပန်းခြံနှင့် လမ်းဘေးဝဲယာတွင် စိုက်ပျိုးထားသော ပန်းအလှပင်များကို ကြည့်ရှုပြီး မြို့နယ်စည်ပင်သာယာရေးရုံးခန်းမဆောင်တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် တွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ (ဝ၆၉)

ရခိုင်ပြည်နယ် ဝမြို့နယ် စည်ပင်သာယာရေး အဖွဲ့ ပျိုးထောင်ထားသော ခြံစည်းရိုးကြက်ဆူပျိုးခြံအတွင်း ပေါင်းမြက်ပင်များကို အဖွဲ့ဝန်ထမ်းများ စုပေါင်း ရှင်းလင်းကြရာ မတ် ၂၅ရက်က အမှုဆောင်အရာရှိ ဦးစောဝေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးခန်းအတွက် အင်းစိန်မြို့နယ် အောင်ဆန်းမလွန်ဆန်လှူ သင်းထောက်နှင့် အမျိုးသမီးဝတ်အသင်းတို့ စုပေါင်း၍ ငွေကျပ် တစ်သိန်း ရှစ်သောင်းကို ရွှေပြည်ဟိန်းဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၁၁၇)

ပေါင်းတည်၌ ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပြုပူဇော်

ပေါင်းတည် မေ ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၀၈ဖြင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်သည့် ပေါင်းတည်မြို့ ကန်ငယ်အုပ်စု ကန်ငယ်ကျေးရွာတွင် ဧပြီ ၁၂ရက်က ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တဇဋိလသာရက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်များနှင့် ထေရဝါဒ သက်တော်ရှည် ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်များအား ပူဇော်ကန်တော့၍ ဆွမ်းကပ်ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျောင်းကော်မတီများ၊ ဒါယကာဒါယိကာမများနှင့် အလှူရှင်များက ထပ်ဆင့်ဂုဏ်ပြုပူဇော်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရား နာကြားကြကြောင်း သိရသည်။ (ဝ၅၄)

မန္တလေးမြို့၌ လေဘေးသင့်သူများအတွက် ဘာသာရေးအသင်းအဖွဲ့မှ လှူဒါန်းမည်

ရန်ကုန် မေ ၂၁

ဘာသာရေးအသင်းအဖွဲ့များ၊ လေဘေးသင့်သူများအတွက် လှူဒါန်းရန် ဆွေးနွေးပွဲကို မေ ၁၂ရက်ညနေ၄နာရီက မန္တလေးတိုင်း သာသနာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သာသနာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးမြင့်က မိတ်ဆက်စကားပြောကြားပြီး မေ၂ရက်ညနေတွင် ဖြစ်ပွားခဲ့သော မုန်တိုင်းဖြစ်ပေါ်ခဲ့မှု၊ ကယ်ဆယ်ရေးအတွက် ထောက်ပံ့နိုင်မှု အလှူငွေ ပေးပို့လှူဒါန်းနိုင်ရေး ဆွေးနွေးတင်ပြရာ တက်ရောက်လာကြသော အိုလမာပညာရှင်များအဖွဲ့၊အစ္စလာမ်သာသနာရေးရာကောင်စီ၊ မြန်မာ၊မွတ်စလင် အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာမွတ်စလင် လူငယ်များအဖွဲ့၊ အစ္စလာမ် စွလာဟိယသွလ်အိုလမာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါရခါးဟိန္ဒူ ဓမ္မအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၊ မက်သရစ်အသင်းတော်(အထက်မြန်မာပြည်)၊ ကလျာဏယုဝခရစ်ယာန် အသင်းတော်၊ ယူနန်ဘုံကျောင်း၊ ကိုးကန့်ဓမ္မာရုံ ဘာသာရေးအသင်းအဖွဲ့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က လှူဒါန်းမှုနှင့် ပတ်သက်၍ မိမိတို့ဘာသာများမှစုပေါင်း၍ သာသနာရေးဦးစီးဌာနမှတစ်ဆင့် လှူဒါန်းကြမည်ဖြစ်ပါကြောင်း တင်ပြဆွေးနွေးကြပြီး တက်ရောက်လာကြသော ဘာသာရေးအသင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လှူဒါန်းမည့်ကိစ္စများကို အဖွဲ့တစ်ဖွဲ့ချင်းစီအလိုက်တင်ပြကြကြောင်း သိရသည်။ **(အောက်ပုံ)(က-ပ)**

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဧပြီ ၂၂ရက်က ပုဏ္ဏားကျွန်းမြို့ မြို့ရေပေးရေးဥဿည့်နှင့် ရေစက်ရုံတို့ကို သွားရောက် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြတ်ထွေးတို့က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

လေဘေးဒဏ်ခံ စည်ပင်ဝန်ထမ်းများ ထောက်ပံ့ငွေများ ကျောက်တန်း၌ ပေးအပ်

ရန်ကုန် မေ ၂၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်နှင့်အဖွဲ့သည် မေ ၁၇ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိလာပြီး လေဘေးဒဏ်ကြောင့် ပျက်စီးသွားသောအဖွဲ့ရုံး ဝန်ထမ်းအိမ်ရာ၊ ပစ္စည်းများထားသိုရန်နေရာ ရွှေမှော်ဝန်းခန်းမတို့ကို ကြည့်ရှုစစ်ဆေးပြီး ရုံးလုပ်ငန်းပုံမှန် လည်ပတ်ဆောင်ရွက်နိုင်စေရန် ပန်းခြံအတွင်း သစ်ပင်ကြီးများရှင်းလင်းရန်၊ ဝန်ထမ်းအိမ်ရာအမိုးများ အမြန်ဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။**(အပေါ်ပုံ)**

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် အဖွဲ့ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားပြီး လေဘေးဒဏ်ခံရသည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မုဒုံမြို့၌ ကျေးရွာချင်းဆက်လမ်း ဂဝံခင်း

မုဒုံ ဧပြီ ၂၅

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ကမာဝက်-ကမာအုပ် ကျေးရွာချင်းဆက်လမ်း ဂဝံခင်းခြင်းလုပ်ငန်းခွင်သို့ မတ်၂၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့က လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မိုးညိုတန်းလမ်း ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းကို မေ၁၂ရက်က အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာများ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (ဝ၇၄)

နွားထိုးကြီးမြို့၌ လုပ်ငန်းညှိနှိုင်း

နွားထိုးကြီး မေ ၁၂

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ကျေးရွာ ရပ်ကွက်(၇၀)တို့၏ လပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဧပြီ၃ရက်က စုပေါင်းရုံးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးထင်ဇော် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ (ဝ၉၂)

မြတ်စေတနာ စာကြည့်တိုက်သို့ မီးစက်နှင့် ဒီဗွီဒီစက်လှူဒါန်း

နောင်ချို မေ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဉာဏ်တောကျေးရွာ မြတ်စေတနာ စာကြည့်တိုက်သို့ ကျေးရွာနေပြည်သူများက စာကြည့်တိုက်သုံး ပစ္စည်းများ ဖြစ်သည့် တန်ဖိုးငွေကျပ် ၃၈၂၅၀၀ ရှိ မီးစက်၊ ဒီဗွီဒီစက်၊ အင်တင်နာ၊ ဆောင်းဘောက်(စ်)စသည့် ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ၁၂ရက်က အဆိုပါ စာကြည့်တိုက်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းထွေးက တက်ရောက် အမှာစကားပြောကြားပြီး စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧပြီ ၇ ရက်က သံဖြူဇရပ်မြို့ မြို့မအမှတ်(၁) ဈေးအတွင်း သားငါးတည်ခင်းရောင်းချမှုတွင် သန့်ရှင်းလတ်ဆတ်မှု ရှိမရှိကို ဈေးတာဝန်ခံ ဦးဝင်းညွန့် (သားသတ်ရုံမှူး)နှင့် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာတင်ထွေးနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မင်းပြားမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့် ရေဒီယိုနှင့် စာအုပ်များ ပေးအပ်လှူဒါန်း

မင်းပြား မေ ၁၆

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အသိပညာ တိုးပွားရေးအတွက် ကျေးရွာစာကြည့်တိုက်များကို ဖွင့်လှစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆောင်ရွက်လျက်ရှိရာ ဧပြီ၂၇ရက် နံနက် ၈နာရီက ရင်းဘွေကျေးရွာ ဦးစိန္တာစာကြည့်တိုက် အဆောက်အအုံသစ်ကို မြို့နယ်ဦးစီးမှူး ဒေါ်သောင်းရွှေ ကျေးရွာဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် စာကြည့်တိုက်ကော်မတီဝင် ဦးထွန်းရွှေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်သောင်းရွှေက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးဟောပြောပြီး စာရေးဆရာ မိုးဟိန်းက စာပေဖတ်ရှုမှုကြောင့် ရရှိသောဗဟုသုတများ ဟောပြောကာ စာကြည့်တိုက်အတွက် ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တရားရုံးချုပ်ရှေ့နေ ဦးစိုးလွင် တစ်လပြည့်အားရည်စူး၍ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သုမင်္ဂလာလမ်း အမှတ် ၃၄၁/ကနေ ဇနီး ဒေါ်ဌေးဌေးဝင်း၊ သမီး မမျိုးမာလွင်၊မနှင်းမာလွင်၊ မနွယ်မာလွင် မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗီးကုန်းမြို့နယ်(၂၅)ခုတင်ဆံ့ဆေးရုံ ဓာတ်မှန်စက်အတွက် ငွေလှူဒါန်း

ဗီးကုန်း မေ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် ဗီးကုန်းမြို့နယ်တွင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ၅ရက် နံနက်၉နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက (၂၅)ခုတင်ဆံ့ ဆေးရုံ ဓာတ်မှန်စက်အတွက်အလှူငွေကျပ် သိန်း၅၀ပေးအပ်လှူဒါန်းရာ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဒေါ်သန်းသန်းဌေးက လည်းကောင်း(ယာပုံ)၊ သစ်နဖားကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံ၊ မယင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာ တစ်စုံ၊ ရွာဝိုင်းကြီးကျေးရွာ မူလတန်းကျောင်းအတွက် ကွန်ပျူတာ တစ်စုံစီ ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းအုပ်ဆရာကြီးများက လက်ခံယူကြသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၏ဇနီးဒေါ်မြင့်မြင့်စိုးက အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းရာ ဗီးကုန်းမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဌေးဝင်းကလက်ခံယူသည်။

ဆက်လက်၍ ဗီးကုန်းမြို့နယ် ဌာနဆိုင်ရာများနှင့်ရပ်မိရပ်ဖများက ဓာတ်မှန်စက်အတွက် ငွေကျပ်၁၃သိန်းကို လှူဒါန်းရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက လက်ခံခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် ဘုံဆွမ်းလောင်းလှူ

မန္တလေး မေ ၁၄

(၆၂)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ဘုံဆွမ်းလောင်းလှူပွဲကို မေ၆ရက် နံနက်၆နာရီက မန္တလေးချမ်းအေးသာစံမြို့နယ် မောရဂီဝါအရန်မီးသတ်စခန်းရှေ့၌ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ မီးသတ်တပ်ဖွဲ့ဝင်တို့က သံဃာအပါး၁၀၀ကျော်အား ဆွမ်းထမင်း၊ ဆွမ်းဟင်းနှင့်လှူဖွယ်ပစ္စည်းများလောင်းလှူကြကြောင်း သိရသည်။ (ဝ၉ဝ)



ဘားအံမြို့ ကျော်ဇေယျလမ်းအပိုင်းလိုက် လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှုကို မေ၅ရက်က ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးရာ ဘားအံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မတူပီမြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံဖွင့် ဆေးပဒေသာပင်များ စိုက်ထူလှူဒါန်း

ဟားခါး မေ ၂၁

ချင်းပြည်နယ် မတူပီမြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ရက် နံနက်၉နာရီက အဆိုပါ အဆောက်အအုံသစ်ရှေ့၌ကျင်းပရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးနှင့် ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအောင်မြင့်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဖွင့်ပွဲအထိမ်းအမှတ် အခမ်းအနားဆက်လက်ကျင်းပရာ ပြည်နယ်ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦးက အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအောင်မြင့်က ဆေးကုဌာနဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဒုတိယဥက္ကဋ္ဌက ဆေးပဒေသာပင်စိုက်ထူငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက ဆေးပဒေသာပင်စိုက်ထူငွေကျပ် တစ်သိန်းကိုလည်းကောင်း ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးအောင်မြင့်ထံ ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် မေ၂၅ရက်က ပေါင်မြို့ မြို့မဈေးအတွင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် ဒုတိယဦးစီးမှူးဒေါ်နှင်းနှင်းအေးတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စွပ်ကျယ်စက်ရုံ(တောင်သာ)အတွက် အောက်ဖော်ပြပါ ပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်/အချိန်
၁။	အပ်ချည်(အဖြူ/အရောင်စုံ) ၂/၄၀(သို့) ၃/၆၀ ပိုလီအက်စတာ	၂၀၀၀၀ လုံး	၂၆-၅-၂၀၀၈ရက်(၁၄:၀၀)နာရီ

တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၂-၅-၂၀၀၈ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်ရုံမှူး ဖုန်း-၀၆၆-၇၀၀၃၁
စီမံရေးဌာန ဖုန်း-၀၆၆-၇၀၀၃၀
စွပ်ကျယ်စက်ရုံ(တောင်သာ)။

အမည်ပြောင်း

အဖ ဦးရာပတ်၏သား အထက(၁)ပခုက္ကူ နဝမတန်း(E)မှ မောင်ယောဘ ၈/ပခက(နိုင်) ၂၅၈၅၅၃အား မောင်ကြယ်စင်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကြယ်စင်ထွန်း။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ဟ/၂၈၃၇ ပြိုင်မြင်း(သုံးဘီး) ယာဉ်လက်ဝယ်ရှိသူဦးကျော်စိုး မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်)၀၇၁၇၁၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) အမှုပြီး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(စစ်ကိုင်းမြို့)။

အမည်ပြောင်း

အဖ ဦးဌေးဦး၏သား အင်းစိန်မြို့ အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း(ဗဟို) ဒုတိယတန်း(C)မှ မောင်ထက်ကိုကိုဦးအား ယနေ့မှစ၍ မောင်ရဲမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ရဲမင်းဦး။**

အမည်မှန်

အဖ ဦးအားချာ၏ သား ကျိုင်းတုံမြို့ ဝန်ဟွန်း အမက(မူလွန်) သတ္တမတန်းအောင်မှ မောင်နေဆာ၏ အမည်မှန်မှာ မောင်အားဆား ဖြစ်ပါကြောင်း။ **မောင်အားဆား။**

အမည်ပြောင်း

အဖ ဦးကျော်သီဟ၏ သား ကျိုင်းတုံမြို့ အထက(၂) ဒုတိယတန်း(A)မှ မောင်ဘုဏ်ထက်လင်းအား မောင်စွမ်းထက်စည်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စွမ်းထက်စည်။**



အများသိစေရန်ကြေညာခြင်း

ကျွန်မဒေါ်နန်းစော နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၃/တကန(နိုင်)၀၂၅၁၃၃ ကိုင်ဆောင်သူက ကြေညာအပ်ပါသည်။ ကျွန်မ၏အမှုကိစ္စများ ပြီးပြတ်ပြီးဖြစ်၍ ကျွန်မ၏ကိုယ်စား လုပ်ကိုင်ဆောင်ရွက်နိုင်ရန် တာချီလိတ်မြို့ မြေစာရင်းရုံးတွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၂/၂၀၀၄ဖြင့် (၁၅-၉-၂၀၀၄) ရက်တွင် လွှဲအပ်ထားသော ၁။ ဦးစပ်စိန်လင်း၊ ၂။ ဦးအောင်မြင့်တို့အား ဤကြော်ငြာပါသည့်ရက်မှအစပြု၍ ကိုယ်စားလှယ်လွှဲအပ်ခြင်းကို ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။
ဒေါ်နန်းစော
နိုင်ငံသားစိစစ်ရေးကတ်အမှတ်- ၁၃/တကန(နိုင်)၀၂၅၁၃၃
အခန်း(၄)၊ အောင်ပြည့်စုံလမ်းကြား
ပါလျှံ ၃ရပ်ကွက်၊ ဦးစောလှိုင်တိုက်တန်း၊ တာချီလိတ်မြို့။

နိုင်ငံတကာသတင်းဂျာနယ်များမှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေနေသော နိုင်ငံတကာသတင်း ဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်-

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း-၂၉၂၈၃၀၊ ၂၉၁၄၅၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ကျပ်၁၀၀
(ဖတ်ရှုလိုသူများနီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင်မှာယူနိုင်ပါသည်)

ငြင်းချက်ထုတ်ရန် သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၁နှင့်၅)
လားရှိုးခရိုင်တရားရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဒေါ်သန်းသန်းအေး **နှင့်** ၁။ ဒေါ်အမ်ခေါန်မိုင်
၂။ ဦးစောအဲဒိုဘရန်ဆိုင်းထွေး
၃။ ဦးစောနေထူးဆိုင်းနော်ထွေး

တရားလို **တရားပြိုင်များ**

အထက်ပါအမှုမှ (၁)တရားပြိုင်ဒေါ်အမ်ခေါန်မိုင် ရပ်ကွက်(၉) နယ်မြေ(၉) လားရှိုးမြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ဒေါ်သန်းသန်းအေးက ငွေကျပ်၅၅၇၀၀၀၀နှင့် အကျိုးအမြတ်ငွေကျပ်၂၅၀၀၀၀၀နှစ်ရပ်ပေါင်းငွေကျပ်၈၀၇၀၀၀၀ရလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၈ ခုနှစ် ဇွန် ၁၃ရက် (၁၃၇၀ပြည့်နှစ် နယုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၈ခုနှစ် မေ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သော်တာမင်း
ခရိုင်တရားသူကြီး
လားရှိုးမြို့။

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက် ဒေသတစ်ခုလုံး၏ သွားလာရေး၊ ကျန်းမာရေး အဆင့်မြှင့်တင်ပေး

ရှေ့ဖုံးမှ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များအား အနောက်တောင်တိုင်းစစ်ဌာနချုပ်နှင့် ပုသိမ်လေတပ်စခန်းဌာနချုပ်တို့မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များက ပုသိမ်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မြောင်းမြမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ အမှတ်(၄) ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (သတင်းစဉ်)

မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဧရာဝတီတိုင်း၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေ

မြန်မာ့အလင်း

သတင်း ဆောင်းပါး အညွှန်း

ဘိုကလေးမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၏ သတင်းဆောင်းပါး စာ - ၁၀

ဖျာပုံမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ

မောင်မောင်မြင့်ဆွေ၏ သတင်းဆောင်းပါး စာ - ၁၃